
# ဖိုးကျော

# ရွှေပြည်ရခိုင်



Design Nandar Hlaing

# ရွှေပြည်ရခိုင်

ဖိုးကျော့

ဤဝတ္ထုမှာ ၂၀၀၇ ခုနှစ် ဇူလိုင်လမှ ၂၀၀၉ ခုနှစ် မေလအထိ သူရဇ္ဇမဂ္ဂဇင်းတွင် အခန်းဆက်အဖြစ် သုံးနှစ်တိုင်တိုင် ရေးသားခဲ့သော ဝတ္ထုဖြစ်ပါသည်။

**စာရေးသူ**

ကျွန်းတွင်ဇမ္ဗူ

လူတွင်ရခိုင်

ကြိုင်ဘိသတင်း

ကင်းသည့်အပြစ်

ချစ်သည့်အမျိုး၊

ကြိုးသည့်လုံ့လ

မြတ်စာဂနှင့် ...

(ဗုဒ္ဓဝင်လင်္ကာမှ)

နိဒါန်း

ရခိုင်တပ်ပေါင်းစုဌာနချုပ်

ခေတ္တမြောက်ဦးစခန်း

၁၉၅၆ခု၊ မေလ (၂၀)ရက်

ကိုဘုန်းကျော်ခင်ဗျား

ရန်ကုန်မှ တပ်မထွက်မီက ခင်ဗျားမှာလိုက်သော ဦးရစ်တောင် ဘုရားအနီးမှ (အနုရုဒ္ဓဒေဝ) စာတမ်းခတ်နှိပ်ထားသည့် အုပ်ချပ်ဘုရားများနှင့် မင်လိုမ့်ကူးပြီးသား ကျောက်စာ စာရွက်များကို ဧပြီလအတွင်းကပင် လူကြုံဖြင့် ပေးပို့လိုက်ရာ ရရှိပြီးဟု ထင်ရပါသည်။

ယခုလည်း ကျွန်တော်၏ လက်အောက်ခံတပ်ရင်း တစ်ခုက မမျှော်လင့်ဘဲ တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်း အချို့တို့နှင့် ငွေပေစာ အချပ်ရေ ပေါင်း (၄၅)ချပ်တို့ကို ပေးပို့လိုက်ပါသည်။ ခင်ဗျားအတွက် အသုံးပြုနိုင်ကောင်းပြီး စိတ်ဝင်စားဖွယ်ရာ ဖြစ်လိမ့်မည်ဟု မျှော်လင့်နေပါသည် ခင်ဗျား။ ဂွေးချောင်းခံတပ်နှင့် မင်းလှခံတပ်များဆီသို့ သွားရောက်သုတေသန ပြုရာ၌ တွေ့ရှိရသော ရှေးဟောင်း စစ်လက်နက်မျိုးကိုကား မတွေ့ရှိရသေးပါ။ တွေ့ရှိက ဆက်လက်ပေးပို့မည်။

ပေးပို့လိုက်သော ရှေးဟောင်းပစ္စည်းများ တွေ့ရှိပုံကို အကျဉ်းဖော်ပြ ပါဦးမည်။ ကျွန်တော်တို့ တပ်ပေါင်းစုမှ တပ်အချို့ကို မြောက်ဦးမြို့သို့ ပို့ထားခဲ့ပါသည်။ ၎င်းတပ်များသည် အခြေအနေနှင့် အနေအထားအရ မြောက်ဦးမြို့၏ အရှေ့ဘက်တွင် ကပ်လျက်တည်ရှိနေသော (ဟရီတောင်)နှင့် အခြားပတ်ဝန်းကျင် တောင်တန်းများပေါ်တွင် နေရာယူထားသော တပ်ရင်းမှ တပ်အချို့သည် တပ်မြေလုံခြုံရေးအတွက် မြေကတုတ်ကျင်းများကို တူးရာမှ မမျှော်လင့်ဘဲ ရှေးဟောင်းသင်္ချိုင်းဂူ တစ်ခုကို တူးဖော်တွေ့ရှိ ခဲ့ကြ၏။

ဂူမှာ ကျွန်တော်တို့ မြန်မာပြည်မှာကဲ့သို့ အုတ်ဂူမဟုတ်ပါ။ ကျောက်တုံးကျောက်ချပ်များဖြင့် လှပစွာ တည်ဆောက်သော ကျောက်ဂူဖြစ်ကြောင်း တွေ့ရပါသည်။ ထိုကျောက်ဂူကို ဖြိုဖျက် တူးဖော်စဉ်တွင် တစ်တောလုံးတစ်တောင်လုံး လေကြီးပြင်းထန်စွာ တိုက်ခတ်ပြီး လူညည်းတွားသံ တစ်ခု

ကိုပါ ကြားကြရသည်။ ရဲဘော်များလည်း ကျောက်တုံး ကျောက်ချပ်များကို တူးဆွဖယ်ရှားမြဲ ဖယ်ရှားရှင်းလင်း သွားကြရာ နောက်ဆုံးတွင် မြေအောက်ကျောက်ဂူ အတွင်း၌ ဆန်းကြယ် လှပစွာသော ကျောက်သား ခေါင်း တစ်လုံးကို အောက်ခံပလ္လင်နှင့်တကွ တွေ့ကြရသည်။

ကျောက်သားခေါင်း၏ ခေါင်းရင်းဘက် ပလ္လင်ပေါ်တွင်လည်း အလျား လက်မ(၂၀)၊ အနံ (၄)လက်မ၊ ထုထည် (၆)လက်မ အမြင့်ရှိသော ကျောက် သေတ္တာငယ် တစ်လုံးနှင့် နတ်သမီးလိုလို၊ မင်းသမီးလိုလို ဝတ်ဆင်ထား ဟန် ထုလုပ်ထားသော ရွှေပိန်းချအောက်ခံ၊ ဟသ်ပဒါးသုတ်ထားသည့် သစ်သားရုပ် တစ်ရုပ်ကိုပါ တွေ့ကြပါသည်။ အရုပ်မှာ အမြင့်(၂)လက်မခန့် ရှိပါသည်။

ကျောက်ဂူအတွင်းမှ တွေ့ရှိရသော ထိုပစ္စည်းအားလုံးကို စခန်းသို့ သယ်ယူလာကြပြီး စေ့စေ့စပ်စပ် ကြည့်ရှုကြသော အခါကျမှ ချီးမွမ်း လောက်သော လက်ရာများဖြစ်ကြောင်း တွေ့ရသည်။ ကျောက်သားခေါင်း မှာ အလျား (၆)ပေခန့်၊ အနံ (၂၂)ပေ ခန့်ရှိပါသည်။ ခေါင်း၏ ဘေးဘက် မျက်နှာပြင်များတွင် ခြူးပန်းခြူးနွယ် အခက်အလက်များ ကြွရွအောင် ထု လုပ်ထားပြီး အထက်ဘက်ရှိ ထောင့်စွန်းများအား ပုစွန်ခွံ အကွက်များ အတွင်း ပဒုမ္မာကြာပန်းများသဏ္ဍာန် ထုထွင်းထား၏။ ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်ရှိ မျက်နှာပြင် ထိပ်ပိုင်းတို့တွင် ကျွန်တော်တို့မသိသော ရှေးဟောင်းအက္ခရာ စာလုံးများ ပါရှိလေသည်။ အဖုံးကျောက်သားနံဘေး အစပ်မှာလည်း ခေါင်းနှင့်အံကျ တစ်သားတည်း ရှိနေပါသည်။ ခေါင်း၏ကျောက်သား အရောင်မှာ ဖြူဖွေးတောက်ပပြီး မာကျောလှ ပါသည်။

ကျွန်တော်တို့သည် ခေါင်းအတွင်းရှိ အရာဝတ္ထုကို သိလိုဇောဖြင့် ကျောက်

ခေါင်းအဖုံးအား နည်းအမျိုးမျိုးနှင့် ဖွင့်ကြရာ ထိုနေ့ နေကုန်သွားသည်အထိ ဖွင့်မရပါ။ ကျောက်သေတ္တာငယ်ကိုလည်း ထိုနည်းအတူ အဖုံးနှုတ်ခမ်းသားများအား လှံစွပ်ဖြင့် ကော်ထုတ် ဖွင့်ကြသေး၏။ မရပါ။ သို့ဖြင့် ထိုနေ့အဖို့ ကျွန်တော်တို့ လက်မြှောက်လိုက်ကြ ရပါသည်။

နောက်တစ်နေ့တွင် မြို့အနီးမှ ရှေးဟောင်းဘာသာ စာပေများကို ကျွမ်းကျင်သည့် "ဦးနရပုဒ္ဓိ" အမည်ရှိ ဆရာတော်ကြီး တစ်ပါးကို ပင့်ဆောင်၍ ပြသရ၏။ ဆရာတော်ကြီးသည် ကျောက်သေတ္တာနှင့် ကျောက်သားခေါင်းတွင် ပါရှိသော အက္ခရာများ၊ ဂဏန်းသင်္ကေတများကို စူးစမ်းဖတ်ရှုပြီးနောက် ကျောက်သားသေတ္တာငယ် ကလေးကို ရှေးဦးစွာစတင် သတ္တာကလေးအတွင်းရှိ အက္ခရာညွှန်များအတိုင်း စမ်းသပ်ဖွင့်လှစ်ရာ ကောင်းစွာပွင့်သွားလေသည်။

၎င်းသေတ္တာငယ်လေး အတွင်းတွင် အလျား (19½)လက်မ၊ အနံ (2½)လက်မခန့်ရှိသော ငွေပေစာပေါင်း (၄၅)ချပ်နှင့် မွှေးကြိုင်၍ အမျိုးအမည် မခွဲခြားနိုင်သည့် ဆေးတောင့်ငယ် (၅)တောင့်၊ အင်းချထားသော ကြေးပြားငယ် တစ်ခုတို့ကို တွေ့ရသည်။ ငွေပေစာများတွင် ရေးသားထားသော စာများမှာ သက္ကတဘာသာ စာလုံးများဖြစ်ကြောင်း၊ ရှေးဟောင်းမိဖုရားတစ်ပါး၏ အတ္ထုပ္ပတ္တိကို ရေးသွင်းထားကြောင်း၊ ပလ္လင်ခေါင်းရင်းဘက်မှ တွေ့ရှိခဲ့ရသော သစ်သားရွှေပိန်းချ ရုပ်တုကလေးမှာ Shri Zya Ji Dewi ဟု ခေါ်ဝေါ်ကြသည့် ကာမဂုဏ်ဓာတ်ကို တဖျတ်ဖျတ် ကွန့်မြူးအောင် စေ့ဆော်ပေးတတ်သော ဒေဝီကိုးပါးအနက်မှ သီရိဇာဂျီဒေဝီ အချစ်စေတမန် နတ်သမီးရုပ်တု ဖြစ်ကြောင်း၊ ဆေးတောင့်ငယ်များမှာ လောကီပီယသိဒ္ဓိဝင် ဆေးတောင့်များ ဖြစ်ဟန်ရှိကြောင်း ဆရာတော်ကြီးက မိန့်ကြားပါသည်။

ငွေပေစာတွင်ပါသော အတ္တုပတ္တိစာတမ်းအရ တစ်ဆင့်ကြားသိရသည်မှာ ကျောက်ခေါင်း အတွင်းရှိ ရုပ်ကလာပ်မှာ သီရိသုဓမ္မရာဇာ ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီး (Shir Su Dewi) သီရိသုဒေဝီ၏ ရုပ်ကလာပ်ဖြစ်ကြောင်းနှင့် နောင်လာနောင်သားတို့ တရားသံဝေ ဆင်ခြင်မိစေရန် ဂူသွင်းမြှုပ်နှံ၍ စာတန်းထိုးခဲ့ကြောင်းပင် ဖြစ်ပါသည်။

ငွေပေစာချပ်အချို့ကို ဖတ်ရှုပြီးနောက် ဆရာတော်ကြီးက ခေါင်းအထဲတွင် မာတုဂါမ တစ်ဦး၏ အသုဘ ရုပ်ကလာပ်သာရှိသဖြင့် ဖွင့်ကြည့်၍လည်း အကျိုးမထူးတန်ရာပြီဟု အမိန့်ရှိသော်လည်း ကျွန်တော်တို့က ဝိုင်းဝန်းတောင်းပန် လျှောက်ထားကြမှုကြောင့် ဖွင့်ရန်ဝန်ခံတော် မူပါသည်။

ဆရာတော်ကြီးသည် ကျောက်သားခေါင်း၏ ခေါင်းရင်းဘက်တွင်လည်းကောင်း၊ ခြေရင်းဘက်တွင် လည်းကောင်း ထွင်းထုပါရှိသော အက္ခရာများနှင့် ဂဏန်းသင်္ကေတများကို စူးစိုက်ဖတ်ရှု ဆင်ခြင်ပြီး ခြေရင်းဘက်ရှိ အက္ခရာစာလုံးများနှင့် ဂဏန်းများကို လက်ဦးထား၍ စမ်းသပ်ဖွင့်ရာ ထိုစာလုံးဂဏန်းများ၏ အနေအထားမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ ခေါင်းရင်းဘက်ရှိ အက္ခရာများ၊ ဂဏန်းများကိုလည်း အလားတူ နေရာရွှေ့ပြောင်း ပေးလိုက်ပါသည်။

ထိုသို့ ပြုလုပ်ပြီးနောက် ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ အံကျပြုလုပ် နဘေထပ်ထားသော အပေါ်ခေါင်းဖုံးကို ခေါင်းရင်းဘက်မှ ခြေရင်းဘက်သို့ သံတူးရွင်းများ၊ သစ်သားစို့များဖြင့် ထိပ်တေ့ရိုက်လျက် တွန်းပေးလိုက်ရာ အံကျလျှာထိုး ပြုလုပ်ထားသော ကျောက်သား အဖုံးသည် လျှာထိုးလမ်းကြောင်း အတိုင်း ရွေ့လျားသွားပြီး ပွင့်သွားပါသည်။

ထိုအခိုက်အတန့် အလွန်သင်းပျံ့ မွှေးကြိုင်သော အနံ့များနှင့် အခိုးအငွေ့

များ ကျောက်သားခေါင်း အတွင်းမှ ပေါ်ထွက်လာပြီး ပတ်ဝန်းကျင် တစ်ဝိုက်သို့ ပျံ့နှံ့ကာ မွှေးကြိုင်နေပါသည်။ ကျွန်တော်တို့အဖို့ ရေမွှေးနံ့ အမျိုးမျိုးကို ရှူရှိုက်ခဲ့ဖူးသော်လည်း ဤရနံ့ကဲ့သို့ တစိမ့်စိမ့် စိတ်ကို လန်း လာစေသော အမွှေးနံ့မျိုးကိုကား မကြုံဘူးပေ။ အခိုးအငွေ့များ ကင်းစင် လွင့်ထွက်သွားသော အခါ၌ ကျောက်သားခေါင်း အတွင်းတွင် တွေ့မြင်ရ သေ အရာမှာ ဆရာတော်ကြီး အမိန့်ရှိထားသော မိန်းမတစ်ဦး၏ ဥတုဇရုပ် အလောင်း ဖြစ်နေသည်ကို တွေ့ကြရပြီး အားလုံး အံ့အားသင့်သွား ကြ ပါသည်။

ရုပ်အလောင်းတော်မှာ (၅)ပေ (၆)လက်မခန့်ရှိပြီး ဝါဝင်းသော အသား၊ ပေါ်လွင်သော နှာတံ၊ မြားနတ်မောင် လေးကိုင်းကဲ့သို့ လှပပိရိစွာနှင့် ပြုံး ယောင်ယောင် ရှိနေသည့်နှုတ်ခမ်း၊ အိပ်ပျော်ဘိသို့ မှိတ်ထားသော မျက်လုံး များနှင့် ပျံတက်ကော့မြူး ရှည်လျားသော မျက်တောင်များ၊ လှပ ပြေပြစ်သော လက်မောင်းလက်တံနှင့် ဖွံ့ဖြိုးမောက်ကြွနေသော မြတ်အစုံ၊ အရင်းတုတ်ပြီး အဖျားသွယ်၍ ပြည့်ဝသော ပေါင်တံ စသည့် အလှ လက္ခဏာများကို တွေ့ရပါသည်။

ဝတ်ဆင်ထားသော အဝတ်မှာ ကုလားမများ ခြုံလေ့ရှိသော ဆာရီကဲ့သို့ အလွန်ပါးလွှာသည့် ပိုးသားခြုံထည် အဖြူကို အပေါ်မှ သိုင်းဝတ်ဆင်ထား ပြီး အတွင်းမှာမူကား ပါးလွှာသော ပိုးဖြူအင်္ကျီကိုယ်ကျပ်နှင့် စကတ်(Skirt)လို အတွင်းခံကို ခပ်တိုတို ဝတ်ဆင်ထားပါသည်။ နဖူးပေါ် တွင် စည်းထားသော နဖူးစည်းမှာ နီရဲသော ပတ္တမြားလုံးများ စီခြယ်ထား ပြီး ခါးယမ်းကြိုး၊ လက်ကောက်၊ လည်ဆွဲ စသည့်ရတနာများ ပြိုးပြိုးပြက်ပြက် လက်နေသဖြင့် စိန်နှင့်ပြုလုပ်ထားသည်ထင်၏။ အရွယ် မှာ ငွေပေစာအရ အသက်(၄၀)ကျော်ဟု ညွှန်းထား သော်လည်း ကျွန်တော်

တို့ အမြင်တွင်ကား (၂၀-၂၅)နှစ် ပို့မျစ်သော အရွယ်မျှဟုသာ ထင်ရှိကြ၏။ ရက်ရက်စက်စက် လှပါပေသည်ဟုသာ ရေးပါရစေတော့။ စာမဖွဲ့တတ်၍ မဖွဲ့တော့ပါပြီ။ ပသီပုံပြင် ရုပ်ရှင်ကားများတွင် တွေ့ရသော အလှမျိုးဟု ဆိုချင်ပါသည်။

ကျွန်တော်တို့ ကြည့်နေကြစဉ် (၁၅)မိနစ်ခန့် အတွင်းမှာပင် မွေးကြိုင်လှသော အနံ့များ ပျောက်ကွယ်၍ ပုပ်ဟောင်ညှီစော်သော အနံ့များ ပေါ်ထွက်လာကာ ရုပ်အလောင်းမှာအားလုံး အမှုန့်များဖြစ်ပြီး လေထဲသို့ လွင့်ပါသွားရာ ဝတ်ဆင်ထားသော ရတနာများသာလျှင် ကျောက်သားခေါင်းထဲမှာ ကျန်ရှိရစ်ပါတော့၏။ ထူးဆန်းလှပါပေသည်။ ဆရာတော်ကြီးမှုကား လေထဲလွင့်ပျံသွားသော ရုပ်ကလာပ် အမှုန့်များကိုကြည့်ပြီး အနိစ္စဝရသင်္ခါရာ အစရှိသော ဂါထာကို တီးတိုး ရွတ်ဆိုတော် မူနေပါသည်။

တွေ့ကြုံရသည်မှာ ဤအတိုင်းပင်ဖြစ်သည်။ ကျန်ရှိရစ်သော ရတနာများနှင့်တကွ ငွေပေချပ်များ၊ ကျောက်သေတ္တာနှင့် ကျောက်တလားကိုပါ ယခုလူကြုံနှင့် ပေးပို့လိုက်ပါသည်။ သီရိဇာဂီဒေဝီ ရုပ်တုကိုကား ကျွန်တော့်အတွက် အသုံးပြုရန် ယူထားလိုက်ပါသည်။ ထိုရှေးဟောင်းပစ္စည်းများ ခင်ဗျားထံရောက်ရှိပြီး တိုင်းပြည်ရှိ လူများအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းလျှင်ပင် ကျွန်တော်ကျေနပ်ပါပြီ။ ၎င်းပစ္စည်းများ လက်ခံရရှိကြောင်း စာပြန်ပါ။ ကဲ - တော်သေးပြီ။

မိတ်ဆွေကြီး စိတ္တသုခ၊ ကာယသုခ နှစ်ဝနှင့် ပြည့်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်ရှိပါသည်။

(ပုံ) အေးမောင်

(မှူးကြီး)

တပ်မင်း

အထက်ပါ အကြောင်းအရာများမှာ ဗိုလ်မှူးအေးမောင်ဆီက ဆရာကြီး နတ်မောက်ဘုန်းကျော်ထံ ပေးပို့သောစာနှင့် အကြောင်းအရာများ ဖြစ်ပါသည်။

ထိုရုပ်အလောင်းမှာ အေဒီ (၁၇)ရာစုခန့်က မြောက်ဦးဘုရင် သီရိသုဓမ္မရာဇာ၏ မိဖုရားတစ်ပါးဖြစ်သော သီရိသုဒေဝီအမည်ရှိ နတ်ရှင်မယ်၏ အလောင်းခေါင်းဖြစ်သည်။ ၎င်းကို ဆရာနတ်မောက် ဘုန်းကျော်က ၁၉၆၀ ပြည့်နှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် "နတ်ရှင်မယ်" အမည်ဖြင့် ရေးသားခဲ့သည်။

ဆရာကြီး ရေးသားခဲ့သော အကြောင်းအရာမှာ သီရိသုဓမ္မရာဇာမင်းနှင့် နတ်ရှင်မယ်၏ အကြောင်းဖြစ်ပြီး ယခုစာရေးသူ ရေးသားမည့် "ရွှေပြည်ရခိုင်" ဝတ္ထုသည် နတ်ရှင်မယ်နှင့်တကွ မြောက်ဦးခေတ်မှ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာ လက်ထက်၌ ဖြစ်ပျက်ခဲ့သော ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး စသည်တို့ကို ကြိုးစားရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

စာရေးသူ

***

## အခန်း (၁)

ရခိုင်တို့၏ မြောက်ဦးခေတ်ကို သမိုင်းသုတေသီများက "ရွှေရောင်လွှမ်းသောခေတ်" ဟု ရေးသားခဲ့ကြသည်။

မြောက်ဦးခေတ်ကို မင်းဗာကြီး (၁၅၃၁-၁၅၅၃)၊ မင်းဖလောင်း (၁၅၇၁-၁၅၉၃)နှင့် မင်းရာဇာကြီး (၁၅၉၃-၁၆၁၂)တို့ တည်ထောင်ခဲ့ကြသည်။ မင်းရာဇာကြီး၏ ခေတ်တွင် ရခိုင်တို့၏ သြဇာသည် အကျယ်ပြန့်ဆုံးသို့ ရောက်ခဲ့သည်။

ရွှေမျဉ်းဓမ္မသတ်ကျမ်းပြု သျှင်ငယ်ဆရာ ဦးမြဝါ မဟာပညာကျော်နှင့် စာဆိုစစ်သည် သံတမန် ဥက္ကာပျံတို့မှာ မြောက်ဦးခေတ်တွင် ထင်ရှားခဲ့ကြသူတို့ ဖြစ်သည်။ နယ်နှင့် နိုင်ငံပြုကဏ္ဍမှာ ဦးဆောင်ဦးရွက် အခန်း၌ ပါဝင်ခဲ့ကြသူများဖြစ်၏။

ထို့ကြောင့်လည်း ရခိုင်သူ၊ ရခိုင်သားတို့က မင်းဗာတည်၊ ရွှေ(ရွှီ)မြောက်ဦးဟုအစဉ်အဆက် ပြောဆိုလာခဲ့ကြသည်။

လာရောက်တိုက်ခိုက်သူ ရန်သူအပေါင်းကို လွယ်လင့်တကူ အောင်မြင်နိုင်သော ဘူမိနက်သန် ဖြစ်ကြောင်းကိုလည်း -

"ချေဟောက်သံကြား၊ ကျားက လန့်ရှောင်၊ ကြောင်မှု ပြေးထွက်၊ ကြွက်ကားလိုက်လေ၊ မြွေကို ဖားနိုင်၊ တရင်းဆိုင်လျက်၊ ရခိုင်ညွှန့်ဖူး၊ ရွှေမြောက်ဦးကို၊ နတ်မှူးညွှန်ပြ၊ နန်းရာရသည်၊ ဘူမိနက်သန်၊ ထူးတည့်လေ"

ဟု ရခိုင်စာဆို ဖဒူမင်းညိုက ချေင်းဖြင့် စပ်ဆိုခဲ့သည်။

(၁၆)ရာစု နှစ်လွှန်ကာလ သီရိသုဓမ္မရာဇာ မင်းလက်ထက်သို့ ရောက်လာသောအခါ ရွှေရောင်လွှမ်းနေပါသည်ဆိုသော မြောက်ဦးနေပြည်တော်သည် ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး စသည်တို့ဖြင့် စတင်ရှုပ်ထွေးလာတော့သည်။

မြောက်ဦး နေပြည်တော်၌ ပြည်တွင်းပြည်ပ သူလျှိုဒလန်များနှင့် ရှုတ်ယှက်ခတ်လာသည်။

တိုင်းတစ်ပါးသားများ ဖြစ်ကြသော ဂျပန်၊ ပေါ်တူဂီ၊ ဒပ်ချ်၊ အိန္ဒိယလူမျိုးများမှာ မြောက်ဦးနေပြည်တော်တွင် သူ့အခန်း၊ သူ့ကဏ္ဍအလိုက် နေရာရနေကြ၏။ အဆိုးဆုံးမှာ ပေါ်တူဂီများကို စစ်ရေး၌ ရာထူးဌာနန္တရပေး၍ မြှောက်စားထားခြင်း ဖြစ်သည်။ ပေါ်တူဂီများကို သီရိသုဓမ္မရာဇာမင်းက ဤသို့ မြှောက်စားထားခြင်းမှာလည်း ရှေးရှေးဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ အဆက်ဆက်ကပင် မြှောက်စားလာခဲ့ ကြသဖြင့် သီရိသုဓမ္မအနေနှင့် ပစ်ပယ်၍မရပေ။

ပေါ်တူဂီများအား ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ အဆက်ဆက် မြှောက်စားလာခဲ့ကြခြင်းမှာ မဂိုအင်ပါယာကြီး ချဲ့ထွင်လာသည်ကို စိုးရိမ်ရသည်က တစ်ကြောင်း၊ ပေါ်တူဂီများသည် ရဲရင့်ကြသလို ခဲယမ်းမီးကျောက် အမြောက်လက်နက် တို့တွင်လည်း ကျွမ်းကျင်ကြသည်ကလည်း တစ်ကြောင်းကြောင့်ဖြစ်သည်။

ထိုစဉ်အခါက ပေါ်တူဂီများကို မြှောက်စားကြခြင်းမှာ ရခိုင်မင်းတစ်ပါးတည်းသာ မဟုတ်ဘဲ အိမ်နီးချင်း မဟာမိတ်ဖြစ်ကြသော မွန်၊ မြန်မာ၊ မဂိုဘုရင်များသည်လည်း ပေါ်တူဂီများကို ရာထူးဌာနန္တရပေး၍ မြှောက်စားခဲ့ကြလေသည်။

(ဥပမာ – တောင်ငူဘုရင် နတ်ရှင်နောင်နှင့် သန်လျင်စား ဖိလစ်ဒီဘရင်

တို ငဇင်ကာတို့ အကြောင်းက ထင်ရှားနေပေသည်။)

အာရှတိုက်ဆီသို့ ပေါ်တူဂီတို့ နယ်ချဲ့လာသော ပုံစံမှာ အိန္ဒိယပြည်တွင် ဗြိတိသျှလူမျိုးများ လာရောက် အခြေစိုက်သလို ကူးသန်းရောင်းဝယ်မှု သက်သက်မျှသာမဟုတ်။ အာရှတိုက်သို့သွားသော ရေကြောင်းခရီးကို စတင်တွေ့ရှိခဲ့ကြသည့် ပေါ်တူဂီတို့သည် ဂိုအာမြို့ကို အခြေခံစခန်း ပြုလုပ်၍ အိန္ဒိယသမုဒ္ဒရာကြီးကို ပါရှားကွေ့မှ မလက္ကာရေလက်ကြား လွန်သည့်တိုင်အောင် ကမ်းခြေနှင့် ကျွန်းငယ်အချို့တွင် ခံတပ်များ ဆောက်လုပ်ကာ ပေါ်တူဂီအင်ပါယာ တစ်ခုကို တည်ဆောက် အခြေစိုက်ခဲ့ကြလေ၏။

ကျယ်ကျယ်ပြန့်ပြန့် မျှော်ကြည့်မည်ဆိုလျှင် ပေါ်တူဂီလူမျိုးများ အာရှတိုက်သို့ နယ်ချဲ့ကြခြင်းသည် မိမိတို့ဌာနီတွင်မှ (Hoogli) ကုန်းကြောမှ အစွမ်းကုန် ကြိုးပမ်းခဲ့ကြရသော တိုက်ပွဲများ၏ အဖူးအပွင့် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ခရစ်သက္ကရာဇ် (၁၀)ရာစုမှ (၁၅)ရာစုအထိ နှစ်ပေါင်း (၅၀၀)ခန့်မှာ စပိန်နှင့်ပေါ်တူဂီ အပါအဝင် အိုင်ဘီရီယံ ကျွန်းဆွယ် တစ်ခုလုံး အာရပ်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသော စစ်ပွဲပေါင်း (၃၇၀၀)ခန့်ပင် ရှိခဲ့၍ ၁၄၉၂ ခုနှစ် ဂရင်နေဒါးခံတပ် ကျဆုံးမှသာ အပြီးသတ်ခဲ့ကြရ ပေတော့သည်။

စပိန်လူမျိုးနှင့် ပေါ်တူဂီလူမျိုးတို့သည် အင်မာခေါ် အာရပ်လူမျိုးများကို အပြီးသတ် အောင်မြင်ခဲ့သော်လည်း တိုက်လက်စအရှိန် မသေသေး၍ ကမ္ဘာ့အရှေ့ဖျားဒေသသို့ သွားရာလမ်းသစ်များ ရှာဖွေရေးကို ဆက်လက်လုံးပန်းခဲ့ကြ ပြန်သဖြင့် အမေရိကနှင့် အာဖရိကတိုက်များကို ပတ်ကာ သမုဒ္ဒရာပြင်ကျယ် ပင်လယ်ခရီးတို့ကို အသီးသီး ဖြတ်သန်းကာ သဘော်လွင့်နေခဲ့ကြရာမှ ပေါ်တူဂီတို့သည် အာရှတိုက်ကို ခြေချမိခဲ့ကြ၏။

ပေါ်တူဂီတို့ အာရှတိုက်တွင် ခြေကုပ်မိခဲ့ကြခြင်းသည် ဗြိတိသျှလူမျိုးများ ဒိုမီနီယံမျိုးစေ့ ချနိုင်အောင် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားလေသည်။ အဘယ်ကြောင့် ဆိုသော် ပေါ်တူဂီတို့မှာ အာရှတစ်ခွင်၌ ခရစ် ၁၅၀၀ မှ ၁၆၂၅ ခုနှစ်အတွင်း နှစ်ပေါင်းတစ်ရာမျှသာ စိုးမိုးနိုင်ခဲ့ကြသည်။ ဒပ်ချ် လူမျိုး၊ ဗြိတိန်လူမျိုးနှင့် ပြင်သစ်လူမျိုးတို့ကလည်း အလားတူပင် နယ်ချဲ့ထွင်လာကြပြီး များမကြာမီ ထိုလူမျိုးအသီးသီးတို့ နယ်ချဲ့စစ်မီးကြီး တညီးညီး တောက်လောင်ကာ အချင်းချင်း တိုက်ကြခိုက်ကြသဖြင့် နောက်ဆုံး၌ ဗြိတိန်က အောင်ပွဲရပြီး ပေါ်တူဂီတို့ တန်ခိုးအင်အား အထူးပင် လျော့ပါး ကျဆင်းသွားပေသည်။

အာရှတိုက်နှင့် ဥရောပတိုက်တို့၏ ကူးသန်းရောင်းဝယ်ရေးကို ရှေးအထက်ကျော်ကာရီက မွတ်စလင်ဘာသာဝင် စူလတန်ဘုရင်များ ကြီးစိုးချုပ်ကိုင်၍ ထားခဲ့ကြသည်။ တရုတ်ပြည်နှင့် အရှေ့တောင် အာရှဒေသမှ လာသမျှ ကုန်စည်များကို ပါရှားကွေ့အရောက် မဟာမေဒင်ဘာသာဝင် မွတ်စလင်အာရပ် သင်္ဘောများနှင့်သာ တင်ဆောင်သယ်ယူပြီး ထိုမှ တစ်ဆင့် ကုန်းလမ်းခရီးက တူရကီပြည်၊ အစ္စလာမ်ပြည်တို့အား ဖြတ်သန်းကာ ဥရောပတိုင်းပြည်များသို့ တင်ပို့ရောင်းချကြ ပေသည်။ ထို့ကြောင့် တူရကီ အစရှိသော မွတ်စလင်တိုင်းပြည်များမှ စူလတန်ဘုရင်တို့က သွေးကြောနှင့်တူသော ထိုကုန်သွယ်လမ်းကြောင်းကို ထိန်းချုပ်လုပ်ကိုင်ထားကြခြင်းအားဖြင့် အလွန်တရာ ကြွယ်ဝချမ်းသာ နေကြကုန်၏။

သို့ဖြစ်၍ ပေါ်တူဂီလူမျိုးတို့သည် ရန်သူ၏သွေးကြောနှင့်တူသော ကုန်သွယ်လမ်းကြောင်းကို ဖြတ်တောက်ပစ်ခြင်းအားဖြင့် ရန်သူ၏ ဘဏ္ဍာရေးအင်အား ဆုတ်ယုတ်ကျဆင်းသွားစေ လိုသည်က တစ်ကြောင်း၊

ဥရောပဆီသို့ ကုန်သွယ်လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်ပေးလိုသည်က တစ်ကြောင်း၊ ခရုဆေ့ဒ်စစ်ပွဲ၏ အကြွင်းအကျန်ဖြစ်သော သာသနာပြုရေး လုပ်ငန်းတို့ကို ဆက်လက် ကြိုးပမ်းလိုသည့် အကြောင်းများကြောင့် ဂွတ် ဟုတ် အငူမှ လှည့်၍သွားသော ရေကြောင်းခရီး လမ်းသစ်ကို ရှာဖွေခဲ့ကြ ခြင်း ဖြစ်လေသည်။

ထိုခေတ်က ဥရောပတစ်ခွင်တွင် ခရစ်ယာန်ဂိုဏ်းချုပ် ပုပ်ရဟန်းမင်းကြီး သည်သာလျှင် အပြည်ပြည်၏ အထွတ်အထိပ်ဖြစ်၍ တစ်ကမ္ဘာလုံးက ဦးခိုက်ရသော ဧကရာဇ်စကြဝတေးမင်းတမျှ အသိအမှတ် ပြုထားကြ သဖြင့် ဥရောပနိုင်ငံ အသီးသီးမှ ရှင်ဘုရင်တို့သည် ပုပ်ရဟန်းမင်းကြီး၏ သူကောင်းပြုခြင်းကို အလုအယက် ခံယူလိုကြပေသည်။

အိုင်ဘီရီယန် ကျွန်းဆွယ်၌ ဖြစ်ပွားသောစစ်သည် ခရစ်ယာန်သာသနာ နှင့် မဟာမေဒင် သာသနာတို့ သူနိုင်ငါနိုင် အပြိုင်ဆင်နွှဲခဲ့ကြသော အားစမ်း ပွဲကြီး ဖြစ်ပေရာ အောင်ပန်းဆွတ်ခူး နိုင်ခဲ့သော စပိန်ဘုရင်နှင့် ပေါ်တူဂီ ဘုရင်တို့အား ဆဋ္ဌမမြောက် ပုပ်ရဟန်းမင်းကြီး အလက်ဇန္ဒြားက သူတို့ သိပြီးသမျှ ကမ္ဘာမြေကြီး၏ အနောက်ခြမ်းကို စပိန်ဘုရင်သို့ လည်းကောင်း၊ အရှေ့ခြမ်းကို ပေါ်တူဂီဘုရင်သို့ လည်းကောင်း ဆုလာဘ်အဖြစ် ခွဲဝေ ပေး သနားတော် မူခဲ့လေသည်။

ခွဲဝေသော နယ်နိမိတ်မှာ ဥရောပကမ်းခြေအလွန် မိုင်(၃၇၀)အကွာ၌ မြောက်မှတောင်သို့ မျဉ်းဖြောင့်တစ်ခု ဆွဲထား၍ နယ်ခြားသတ်မှတ် ဖော်ပြ ထားပြီးလျှင် အနောက်ဘက်ရှိ အသစ်တွေ့ ရှိသမျှ ကုန်းမြေမှန်သမျှကို စ ပိန်တို့ ယူစေပိုင်စေ၊ အရှေ့ဘက်၌ အသစ်တွေ့သမျှ ကုန်းမြေမှန်သမျှကို ပေါ်တူဂီတို့ ကျက်စားစေဟူ၍ ခွဲဝေပိုင်းခြားပေးပြီး နွားလားဥသဘ၏ ဦးခေါင်းပုံတံ ဆိပ်ပါသော အလံတော်တစ်ခုစီ ပေးအပ်ကာ သူကောင်းပြု

ပေး ခဲ့လေသည်။

ပုပ်သာသနာပိုင်က ယင်းသို့ ဘွဲ့တံဆိပ်နှင့် နယ်မြေအပိုင်စား ပေးသနားတော်မူပြီးနောက် ရှစ်နှစ်မြောက်သော အခါကာလတွင် ဗာစကိုဒဂါးမားသည် အိန္ဒိယပြည်ကို ရှာဖွေတွေ့ ရှိခဲ့လေ၏။ ထိုအခါ ပုပ်သာသနာပိုင်က ပေါ်တူဂီဘုရင် အင်မာနုရယ်အား အီသီအိုပီယာနယ်၊ အာရေဗီယပြည်၊ ပါရှားပြည်နှင့် အိန္ဒိယပြည်များတွင် ကုန်ရောင်းကုန်ဝယ် ပြုလုပ်ခွင့်နှင့်တကွ လိုအပ်ပါက ထိုတိုင်းပြည်များကို တိုက်ခိုက်သိမ်းယူ နိုင်စေဟူသော အမိန့်အခွင့်ထူး တစ်ရပ်ကိုလည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာနှင့် တစ်ဆက်တည်း စပ်လျက်ရှိသော ရေပြင်ကို လွှမ်းမိုးကြီးစိုးစေဟူသော တန်ခိုးအာဏာကိုလည်းကောင်း အမိန့်သီးခြား အသီးသီး အပ်နှင်းလိုက်ပြန်လေသည်။

ဤသို့အားဖြင့် ပေါ်တူဂီတို့အဖို့ မိမိကိုယ်ကို ဘုရားသခင်၏ တမန်တော်များဟု အထင်ရောက်နေကြပြီးလျှင် မိမိတို့ဘုရင်အား ပုပ်သာသနာပိုင်က နွားလားဥသဘ တံဆိပ်ကို အပ်နှင်းလိုက်ခြင်းမှာလည်း ရပ်ဝေးမြေခြားက မိစ္ဆာဝါဒီသမားတို့ကို စိန့်ပီတာ ဘုရားရှိခိုးကျောင်း လှေခါးအရောက် ခေါ်ဆောင်ပို့ပေးရန် တာဝန်အပ်နှင်း လိုက်ခြင်းပင်တည်းဟု တထစ်ချယုံကြည်စွဲမှတ်ထားကြလေသည်။

ယင်းသို့သော အကြောင်းကြောင့် ဂိုအာမြို့သည် အဘယ်ကြောင့် ပေါ်တူဂီတို့အဖို့ ကုန်စည်ကူးသန်းရာ ဗဟိုဌာန လုပ်ထားရုံသာမက ခရစ်ယာန်သာသနာပြုတို့အတွက် အချက်အချာ ဖြစ်နေရပါသနည်းဟူသော အတွေးကို ကောင်းစွာ သဘောပေါက်စေ ပေတော့၏။

လူသားတို့ကို ကယ်တင်လို၍ အခြားတိုင်းပြည်များကို ဝင်ရောက်တိုက်ခိုက်ရသည်ဟူသော ပေါ်တူဂီတို့၏ ဆန်းပြားသည့် ဆင်ခြေစကားမှာ မှတ်သားစရာ ကောင်းလှပေသည်။ ပေါ်တူဂီခေါင်းဆောင် လုပ်သူတို့သည်

မှူးရိုးမတ်နွယ်များသာ ဖြစ်ကြသည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကို သူရဲကောင်းကြီးများဟု အထင်ကြီး နေတတ်ကြသည်။ ထိုအယူဝါဒမှာ ခရစ်နှစ် ၁၅၀၀ ပတ်ဝန်းကျင်၌ အလွန်ရေးကျသော အယူအဆ ဖြစ်နေပါသည်။ ယင်းအယူအဆမျိုးသည် ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံများ၌ ကွယ်ပျောက်လုမတတ် ရှိနေသော်လည်း စပိန်နှင့်ပေါ်တူဂီတို့တွင် (၁၆)ရာစုကတည်းကပင် ခေတ်စားနေသေးရကား ဥရောပတိုက်တွင် အတော် ခေတ်နောက်ပြန် ဆွဲနေကြသည်မှာ ထင်ရှားလှသည်။

ဤနေရာတွင် အလျဥ်းသင့်သောကြောင့် အိန္ဒိယပြည်သို့ ဗာစကိုဒဂါးမား ပထမအကြိမ် ခရီးထွက်စဉ်က အဖြစ်အပျက်များကို အတူလိုက်ပါခဲ့သော ဖရီရေဆိုဆာ ဆိုသူရေးသားခဲ့သော မှတ်တမ်းကို ဖော်ပြရသော် ...

ဗိုလ်ချုပ်ကြီး ဗာစကိုဒဂါးမား၏ ရေတပ်တွင် သင်္ဘောကလေး သုံးစင်းနှင့် လူ(၁၆၀)မျှသာ ပါရှိလေသည်။ အင်မာနူရယ် ဘုရင်သည် ၎င်းအား ခရစ်တော်၏ လက်ဝါးကပ်တိုင် တံဆိပ်ခပ်နှိပ်ထားသော စစ်အောင်လံတစ်ခုကို အပ်နှင်းလိုက်လေသည်။ ဗာစကိုဒဂါးမားသည် ၁၄၉၇ ခုနှစ် ဇူလိုင်လ(၈)ရက်နေ့တွင် စတင်ထွက်ခွာခဲ့ပြီး ဂွတ်ဟုတ်အငူမှ လှည့်၍ သူတို့မြေပုံတွင် မပါသေးသော ရေကြောင်းခရီးဖြင့် မြောက်ယွန်းယွန်းသို့ သင်္ဘောလွှင့်ပြန်ရာ အာဖရိကတိုက် အရှေ့ဘက်ကမ်းခြေရှိ ဇံဇီဘာကျွန်း၏မြောက်ဘက် မီလင်ဒီဆိပ်ကမ်းသို့ ရောက်ခဲ့လေသည်။ သူသည် မီလင်ဒီဆိပ်ကမ်း၌ အိန္ဒိယတိုင်းရင်းသား လမ်းပြတစ်ဦးကို တွေ့ရှိသဖြင့် ထိုသူ၏ အကူအညီဖြင့် လိဂ်(၇၀၀)ခန့်ကျယ်သော အာရေဗျပင်လယ်အော်ကို ဖြတ်သန်းကာ ၁၄၉၈ ခုနှစ် မေလ(၂၀)ရက်တွင် ကလိကတ်မြို့၌ ကျောက်ချရပ်နားခဲ့သည်။

ကလိကတ်မြို့သည် အိန္ဒိယပြည်၏ တောင်ဘက်အစွန်နားတွင် တည်ရှိ၍

သီးခြား လွတ်လပ်သော ဟိန္ဒူတိုင်း ပြည်တစ်ခုဖြစ်သည်။ ယခုအခါ မွတ်စလင်ဟုခေါ်သော မဟာမေဒင်တို့သည် လွန်ခဲ့သော နှစ်ပေါင်း(၅ဝဝ)လောက်ကစ၍ အိန္ဒိယပြည်တွင်းသို့ တစိမ့်စိမ့်တိုးဝင် လာခဲ့ကြသော်လည်း အိန္ဒိယတောင်ပိုင်း နယ်ပယ်များသို့ မရောက်ပေါက်ကြသေးပေ။ သို့ရာတွင် ၎င်းတို့သည် ရေကြောင်းခရီးကို ကြီးစိုးနေသူများ ဖြစ်ရကား ၎င်းတို့သင်္ဘောများမှာ ကလိကတ်ဆိပ်ကမ်းသို့ မပြတ်သွားလာ ဝင်ထွက်နေကြရုံမက ကမ်းခြေ၌ ကုန်လှောင်ရုံများ ဆောက်လုပ်ကာ ရောင်းဝယ်ဖောက်ကားမှု ပြုကြသည်။ သို့နှင့် ကလိကတ်မြို့မှ မြောက်ဘက်သို့ ဂိုအာမြို့ အပါအဝင် မိုင်ပေါင်း(၃ဝဝ)ခန့် ရှည်လျားသော ကမ်းခြေရှိ သင်္ဘောဆိပ်မှန်သမျှမှာ မွတ်စလင်တို့၏ ပိုင်နက်များချည်း ဖြစ်နေသည်။ ထို့ပြင် ကလိကတ်မြို့၌ပင် ဟိန္ဒူဘုရင် အုပ်ချုပ်နေပါလျက် ၎င်းတို့၏ဩဇာအာဏာ လွှမ်းမိုးရာဒေသ ဖြစ်နေပေတော့သည်။

ဗာစကိုဒဂါးမားသည် ထိုအခြင်းအရာများကို မိမိ၏ ရေကြောင်းပြဖြစ်သူ အိန္ဒိယလူမျိုးထံမှ ကြားသိရပြီးဖြစ်ရာ မိမိအတွက် ကုန်ရောင်းကုန်ဝယ် လုပ်ရန် အခွင့်အလမ်းမှာ ဟိန္ဒူမင်းသား တစ်ပါးပါးနှင့် ဆက်သွယ်မှ ဖြစ်တော့မည်ဟု ကောင်းကောင်း သဘောပေါက်ထား၏။ မွတ်စလင်တို့နှင့် ဆက်သွယ်ရဖို့ကား ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် မိမိမှာ ပေါ်တူဂီခရစ်ယာန် ဖြစ်နေ၍ မည်သို့ပင် ချဉ်းကပ်စေကာမူ ၎င်းတို့ထံမှ အကူအညီ ရရှိနိုင်စရာ မမြင်သောကြောင့်တည်း။

သို့သော် ခရစ်ယာန်တစ်ဦးအဖို့ ဟိန္ဒူလူမျိုး တစ်ဦးတစ်ယောက်နှင့်ကား ဆက်သွယ်၍ မဖြစ်နိုင်စရာ မရှိနိုင်ပေ။ ယင်းကိစ္စမှာ အသက်နှင့် ရင်းနှီးရလောက်အောင် ခဲယဉ်းကောင်း ခဲယဉ်းမည်ဖြစ်သော်လည်း ၎င်းတို့သည် ခရစ်ယာန်ဘာသာ၏ ရန်သူများမဟုတ်ကြ။ ထိုမှတစ်ပါး ရှေး

အထက်ကျော်ကာရီက စိန့်သောမတ်(စ်) အမည်ရှိ ခရစ်ယာန်ဘုန်းကြီး တစ်ပါး အိန္ဒိယတောင်ပိုင်း၌ သာသနာပြုခဲ့ဖူးကြောင်း ကြားဖူးထားရသည့် အတိုင်း ၎င်းဂိုဏ်းသား တပည့်တပန်းများ၏ အဆက်အနွယ်တို့မှ တစ်နည်းနည်းအားဖြင့် အကူအညီ ရကောင်းစရာ ရှိပေသည်။

ထို့ကြောင့် ဗာစကိုဒဂါးမားသည် ကလိကတ်ဘုရင်ထံသို့ မကြာမီ သဝဏ်လွှာ ပို့လိုက်လေသည်။ ကလိကတ်ဘုရင်လည်း မြို့ဝန်ကိုယ်တိုင် သဘောသို့ သွားရောက်ကြိုဆို၍ ဗာစကိုဒဂါးမားကို ရှေ့တော်မှောက်သို့ ဝေါနှင့်တင်ဆောင်စေခဲ့သည်။ အသားမည်း အမှုထမ်းတို့ကား အင်္ကျီမပါ ဗလာကိုယ်ထီး ကျောမည်းမည်းနှင့် အနီးသို့ ချဉ်းကပ်လာကြကာ ဗာစကိုဒဂါးမား၏ ခမ်းနားသပ်ရပ်စွာ ဝတ်စားဆင်ယင်ထားသော အဝတ်တန်ဆာ၊ ဘွဲ့တံဆိပ် ဒွါဒရာတို့ကို ကြည့်ရှုပြီး တအံ့တသြ ဖြစ်သွားကြလေသည်။ သူတို့သည် များမကြာမီမှာပင် အဆောက်အအုံကြီး တစ်ခု၏ ဝင်းတံခါးဝသို့ ဗာစကိုဒဂါးမားကို ပင့်ချီသွားကြလေသည်။ ဗာစကိုဒဂါးမားသည် တံခါးမှူး၏ လက်ဟန်ခြေဟန်နှင့် ညွှန်ပြချက်အရ ဝေါပေါ်က ဆင်းလိုက်ရသည်။

ဗာစကိုဒဂါးမားသည် ကြီးမားခန့်ထည်သော မြို့ရိုးနံရံကို မော့ကြည့်လိုက်သောအခါ ခေါင်းလောင်းကြီး ငါးလုံးကို တွေ့မြင်လိုက်ရသည်။ ဝင်းတံခါးကြီး၏ ရှေ့မျက်နှာစာတွင်လည်း ကြေးဝါဖြင့်ပြီးသော မော်ကွန်းတိုင်တစ်ခု စိုက်ထူထားပြီးလျှင် ထိုတိုင်ထိပ်၌ ကြက်ရုပ်တစ်ခု သွန်းလုပ်ထားသည်။ မုခ်ဦးကိုဝင်မိသည်နှင့် ခါးတွင် ချည်ဒိုဘီ(ပုဆိုး) တစ်ထည်သာ ဝတ်ဆင်လျက် ရင်ဝယ် စလွယ်သိုင်းထားသော လူလေးယောက်အနီးသို့ ချဉ်းကပ်လာကြသည်။ ထိုသူတို့မူကား ပုရောဟိတ် ပုဏ္ဏားများတည်း။ သို့သော်လည်း ဗာစကိုဒဂါးမားသည် ၎င်းတို့ကို ပုဏ္ဏားတော်တွေမှန်း မသိ

ရှာပေ။ ပုဏ္ဏားတို့သည် သူ၏နဖူးကို အမွှေးနံ့သာတို့ ဆွတ်ဖြန်း၍ ကောင်းချီးပေးကြသည်။

သူသည် ယင်းသို့သော အပြုအမူကို အံ့ဩစွာနှင့်ပင် ကျေကျေနပ်နပ် လက်ခံခဲ့ရ၏။ သူ ယခုတွေ့မြင်နေရသော အဆောက်အအုံမှာ အမှန်စင်စစ် အားဖြင့် ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံဖြစ်သည်။ စိန့်သောမတ်(စ်) တည်ထောင်ခဲ့သော ဘုရားရှိခိုးကျောင်း ဖြစ်နေပေသလော။ ဖြစ်နိုင်စရာတော့ ရှိသည်။ သို့ကြောင့်သာ သူ့အား ထိုကျောင်းသို့ ခေါ်ဆောင်လာခြင်း ဖြစ်ပေလိမ့်မည်။ အဝင်ဝက သူ့ကိုဆီးကြို၍ ပက်ဖြန်းသော ရေစင်သည်လည်း ခရစ်တော်၏ ပရိတ်ရေကား မဖြစ်နိုင်ပါလော။

ယင်းသို့သော အတွေးဖြင့် ကျေနပ်နှစ်သိမ့်စွာဖြင့်ပင် လေးထောင့်ကျကျ ဆောက်လုပ်တံတိုင်းကြီး အတွင်းသို့ မိမိကိုခေါ်ဆောင်သွားရန် ထိုသူတို့အား အချက်ပြလိုက်၏။ ထို့နောက် သူသည် တက်ကြွနေသော မျက်နှာဖြင့် နံရံတံတိုင်းတို့ကို မော့ကြည့်လိုက်သောအခါ နံရံ၌ အံ့ဩဖွယ်ရာ ထွင်းထုထားသော ပန်းပုရုပ်လုံးတို့ကိုမြင်ရရာ တွေးမရလောက်အောင်ပင် ဦးနှောက်ခြောက်သွား ရပြန်သည်။

အဘယ်ကြောင့်ဆိုသော် ခရစ်ယာန် ဘုရားရှိခိုး ကျောင်းမှန်လျှင် ယင်းသို့သော သားရဲတိရစ္ဆာန် ရုပ်လုံးများနှင့် မျက်နှာပြူးတူးပြဲတဲ ပြောင်စပ်စပ် ရုပ်လုံးများ ထွင်းထုထားမည် မဟုတ်ပေ။ သို့သော် တစ်ပါးနိုင်ငံတွင် ပတ်ဝန်းကျင် အခြေအနေက ဖန်တီးသည့်အတိုင်း တိုင်းရင်းသားတို့၏ အတွေးအခေါ် အယူအဆများ ရောစွက်နေသောကြောင့်လော။ စရိုက်မှား၊ အယူမှားတွေ ယင်းသို့ရောစွက်နေလျှင် ငါတို့သာသနာ ညှိုးနွမ်းရတော့မည်။ ဒီလိုသာဆိုလျှင် ဘုရင်မင်းမြတ်အား အကျိုးအကြောင်း လျှောက်ထားကာ သာသနာပြု ဘုန်းကြီးများကို ပင့်လာပြီး သာသနာ

သန့်ရှင်းအောင် လုပ်ရပေမည်။ ထိုအရုပ်တို့ကိုလည်း ဖျက်ပစ်စေမှတော်ချေမည် စသည်ဖြင့် တွေးတောမိခဲ့လေ၏။

အကြိုလာသူ ပုဏ္ဏားတစ်စုလည်း ဒဂါးမားကို နံရံလေးဖက်၏ အလယ်တည့်တည့်ကိုဖြတ်၍ ကြေးဝါဘောင်များဖြင့် ကွပ်ထားအပ်သော တံခါးပေါက်တစ်ခုမှ အတွင်းသို့ ခေါ်သွင်းသွားကြ ပြန်လေသည်။ အလင်းရောင်မှ လာရသဖြင့် အတွင်းဖက်သို့ ဝင်မိသောအခါ အတော်ပင် မှောင်နေခြင်းကြောင့် မမြင်မစမ်းဖြစ်ကာ လဲကျမသွားစေရန် ရှေ့တွင်ရှိသော အမျိုးသမီး ရုပ်လုံးရုပ်တုတစ်ခုကို ဆွဲမိဆွဲရာ ဖမ်း၍ဆွဲကိုင်ထားလိုက်ရသည်။ သူသည် ထိုရုပ်လုံးကို ကိုင်မိသည်နှင့် တစ်ပြိုင်နက် သံသယဖြစ်လာ ခဲ့သမျှတို့ လုံးဝပျောက်ကွယ် သွားတော့သည်။

သို့နှင့် မိမိကိုင်ထားမိသော အရုပ်မှာ မည်သည့်အရုပ် ဖြစ်သည်ကို လမ်းပြတို့အား မေးစမ်းကြည့်သောအခါ ၎င်းတို့က တစ်စုံတစ်ရာ ဖြေဆိုလိုက်၏။ သို့သော် မိမိ၏နား၌ ‘မေရီ၊ မေရီ’ဟု ကြားမိလိုက်သည်။ သို့နှင့် ရုပ်တုကို ထိုသူများ ရှိခိုးကြသောအခါ ဗာစကိုဒဂါးမားလည်း ဝမ်းမြောက်ဝမ်းသာနှင့် ဒူးထောက်၍ အလေးပြုလိုက် ရတော့၏။ အမှန်မှာ ထိုရုပ်တုသည် ဟိန္ဒူဘာသာ ကိုးကွယ်သော ပါရပတိ နတ်သမီးရုပ်သာ ဖြစ်ပေလိမ့်မည်။

ဗာစကိုဒဂါးမားလည်း ဘုရားရှိခိုးကျောင်းက ပြန်ထွက်လာသောအခါ၌ တအံ့တသြ ဝိုင်းအုံကြည့်ရှု နေကြသော လူအုပ်ကြီးကို ခဲခဲယဉ်းယဉ်းတိုး၍ ထွက်လာခဲ့ရ၏။ သူတို့သည် တိုင်းတစ်ပါးသားတစ်ဦး မိမိတို့ ဘုရားကျောင်းသို့လာ၍ ဝတ်ပြုသည်ကို အထူးတဆန်း ဖြစ်နေကြဟန် တူပေသည်။ ထို့နောက် သူ့ကို ဝေါပေါ်သို့ တစ်ဖန်တင်၍ ဘုရင်မင်းမြတ်၏ ရှေ့မှောက်သို့ ခေါ်ဆောင်သွားကြသည်။

ကလိကတ်ဘုရင်သည် နန်းတော်အတွင်း ရာဇပလ္လင်ခန်းမဆောင်ရှိ

သလွန်တစ်ခုထက်၌ တည်ငြိမ်ခန့်ညားစွာ ထိုင်လျက်ရှိလေသည်။ ခါးတွင် ရွှေချည်ထိုး ကမ္ဗလာပုဆိုးဖြူကို ဝတ်ဆင်လျက် ဦးခေါင်းထက်၌ ပုလဲများစီခြယ်ထားသော သရဖူကိုဆောင်းပြီး ပတ္တမြားလက်ကောက်တို့ကို ဆင်မြန်းထားလေသည်။

အနီးတွင် ရွှေကွမ်းအစ်ကိုပိုက်၍ မတုန်မလှုပ် ရပ်နေသော မင်းခစားတစ်ယောက် ကိုလည်း မြင်မိသည်။ အကျင့်သိက္ခာနှင့် ပြည့်ဝဟန်ရှိသော မင်းဆရာ ပုရောဟိတ် တစ်ယောက်သည် နေရာမှထလာပြီး ဒဂါးမား၏ လက်ကိုဆွဲ၍ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ကြိုဆို ခေါ်ဆောင်သွားစဉ် ဒဂါးမားသည် ဦးထုပ်ကိုချွတ်၍ ကြမ်းပြင်ကို ဖုန်ခါဘိသကဲ့သို့ ဦးထုပ်ကိုင်သောလက်ကို ဝှေ့ယမ်းရင်း မျက်နှာဖြူတို့ ထုံးစံအတိုင်း ဦးညွှတ်၍ အလေးပြုလိုက်လေ၏။

ဘုရင်မင်းမြတ်လည်း ၎င်းအား သလွန်ခြေရင်း၌ ထိုင်စေပြီးလျှင် အတန်ကြာအောင် အာလာပ သလ္လာပစကားများ မေးမြန်းပြောဆိုတော် မူလေသည်။ ထို့နောက် ဒဂါးမားသည် အင်မာနူရယ် ဘုရင်ထံမှ ပါးလိုက်သော သဝဏ်လွှာကို ကလိကတ်မင်းအား ပေးဆက်လိုက်၏။ သဝဏ်လွှာ၏ လိုရင်းကား တစ်ပြည်နှင့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်ရန်အတွက် ကုန်စည် ကူးသန်းရောင်းဝယ်မှု ခွင့်ပြုစေလိုကြောင်းပင် ဖြစ်သည်။

ဘုရင်မင်းမြတ်လည်း မိမိမှူးမတ်များနှင့် တိုင်ပင်ပြီးမှ အကျိုးအကြောင်း ပြန်ကြားမည်ဟု မိန့်တော်မူလေသည်။ ဘုရင်မင်းမြတ်သည် မိမိကတိအတိုင်း သီတင်းတစ်ပတ်ခန့် ကြာလျှင်ပင် သင်္ဘောသို့ ကုန်စည်များ တင်ဆောင်ခွင့် ပေးလိုက်လေတော့၏။

ကလိကတ်မင်းက မျက်နှာဖြူကုန်သည် တစ်ဦးအား ဥရောပတိုက်သို့

ကုန်စည်များ တင်ဆောင်ခွင့် ပြုလိုက်ပြီ ဟူသောသတင်းကို အစ္စလာမ် ဘာသာဝင် ကုန်သည်များ ရပ်ကွက်၌ မျှော်လင့်ထားသည့်အတိုင်း အတော် ပင် ချောက်ချားသွားစေသည်။ အဘယ်ကြောင့်ဆိုသော် ပေါ်တူဂီတို့သည် ဝွ တ်ဟုတ်အငူလမ်းဖြင့် မိမိတို့စားကျက်ကို ဝင်ရောက်လုယူကာ အပြိုင်ကုန် ကူးရန် ကြိုးပမ်းနေကြပြီဟူသောသတင်းကို ၎င်းတို့ ကြိုတင်ကြားသိ ထား သောကြောင့်တည်း။

ဒဂါးမား၏ ကုန်သင်္ဘောငယ်သုံးစင်းတွင် အပြည့်တင်ဆောင် သွားရမည့် ကုန်ပစ္စည်းတို့မှာ ပြောပလောက်အောင် များပြားသည် မဟုတ်သော်လည်း တစ်ကြိမ်တစ်ခါမျှ အခွင့်အလမ်း ရရှိသွားပြီးဆိုလျှင် ထိုမျှမကသော သင်္ဘောတွေ နောက်ထပ် အကြိမ်ပေါင်းများစွာ ဆက်လက် ပို့လွှတ်ကြတော့ မည်။ ထို့ကြောင့် အစ္စလာမ်ဘာသာဝင် ကုန်သည်တို့ စုဝေးတိုင်ပင် ကြ ပြီးလျှင် မြို့ဝန်မင်းထံ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ကာ ကန့်ကွက် စာတင်ရန် အခွင့်ကောင်းကို စောင့်မျှော်နေကြသည်။

မြို့ဝန်မင်းမှာ အစ္စလာမ်ဘာသာဝင် ကုန်သည်များထံမှ အမြဲမပြတ်ပင် အထောက်အပံ့ ရရှိနေသူ ဖြစ်သကဲ့သို့ အခြားမှူးမတ် တို့သည်လည်း အစ္စလာမ်ဘာသာဝင် ကုန်သည်တို့ လာရောက်တင်ပြသော ကန့်ကွက်စာများ ကို လုံးစေ့ပတ်စေ့ စိတ်ပါဝင်စားစွာ ကြားနာလေသည်။ ကုန်သည်တို့သည် လည်း ပေါ်တူဂီတို့ကို ဘုရင်မင်းမြတ်က ယင်းကဲ့သို့ လိုက်လျောနေမည်ဆို လျှင် မိမိတို့ပေးမြဲဖြစ်သော ထောက်ပံ့ကြေးများကို ရပ်စဲပစ်ရတော့မည်ဟု လှန့်ခြေထုတ်ကြပြန်ရာ မြို့ဝန်မင်းခမျာလည်း ဝမ်းဗိုက်ကို ထိလာပြီဖြစ်၍ မနေသာတော့ဘဲ ဘုရင်၏ ရှေ့တော်မှောက်သို့ အပြေးရောက်သွားပြီး ပေါ် တူဂီလူမျိုးများသည် တိုင်းပြည်က နှင်ထုတ်ခံရသဖြင့် ခြေဦးတည့်ရာ ပြေး သွားနေကြသော ဝရမ်းပြေးများသာဖြစ်ကြောင်း၊ သူတို့ ဆက်သသော ပေါ်

တူဂီဘုရင်၏ သဝဏ်လွှာ ဆိုသည်မှာလည်း အလိမ်အတုမျှသာ ဖြစ်ကြောင်း၊ သူတို့ရည်ရွယ်ချက်မှာ လမ်းကြုံလျှင် ပင်လယ်ဓားပြ ပြုလုပ်၍ အခွင့်မသာလျှင် နီးရာတိုင်း ပြည်ကိုထပ်ပြီး ကုန်သည်ယောင် ဆောင်တတ်ကြကြောင်းဖြင့် အမျိုးမျိုး ကုန်းချောလျှောက်တင် ကြလေသည်။

ဘုရင်မင်းမြတ်ကား မြို့ဝန်မင်း၏ လျှောက်တင်ချက်ကို ထူးထူးခြားခြား အံ့ဩသည့် လက္ခဏာမပြ။ ထိုကိစ္စနှင့် ပတ်သက်၍ အစ္စလာမ်ဘာသာ ဝင် ကုန်သည်တို့က မုချ ကန့်ကွက်ကြတော့မည် ဆိုသည်ကို ကြိုတင်တွက် ဆထားပြီး ဖြစ်ဟန်တူလေသည်။ ထို့အပြင် အစ္စလာမ်ဘာသာဝင် ကုန်သည်များကို ပေါ်တူဂီတို့နှင့်ကိုင်၍ ခြောက်လှန့်ရလျှင် အခွန်ဘဏ္ဍာ ပိုမိုထွက်လာပေအံ့ဟု ကြံစည်ထားကောင်း ထားပေလိမ့်မည်။ သူသည် အစ္စလာမ်ဘာသာဝင် ကုန်သည်အချို့နှင့် မှူးမတ်များကို ဆင့်ခေါ်ပြီး ၎င်းတို့၏ ဆန္ဒကို တင်ပြစေရာ မှူးမတ်တို့က မြို့ဝန်စကားကို ဝိုင်းဝန်း၍ ထောက်ခံကြပြန်လေသည်။

သို့ရာတွင် ပရိယာယ်သုံးလိုသဖြင့် ဒဂါးမားကို မင်းပရိသတ်ရှေ့မှောက်သို့ ခေါ်ယူကာ မြို့ဝန်၏ စွပ်စွဲလျှောက်ထားချက်အတိုင်း ဟုတ်၊ မဟုတ် စုံစမ်း စစ်ဆေးလေတော့သည်။ အကယ်၍ ပြည်နှင့်ဒဏ်ခံရသော ခိုကိုးရာမဲ့ တိုင်း ပြေးပြည်ပြေးများ ဖြစ်သည်မှန်ပါက မိမိနိုင်ငံ၌ ခိုလှုံခွင့်ပြုမည်ဟု တကယ် ချစ်ကြည် ဟန်ဆောင်၍ မိန့်ကြားပြီး ကောင်းမွန်ဖော်ရွေစွာ ဆက်ဆံတော် မူပြီးလျှင် ကုန်စည်များ တင်ဆောင်သယ်ယူခွင့် အမိန့်ကို ထပ်ဆင့် အတည်ပြုလိုက်ပြန်၏။ ယင်းသို့အားဖြင့် ကုန်ရောင်းကုန်ဝယ် လုပ်ငန်း၌ တစ်သက်လုံး လက်ဝါးကြီး အုပ်လာခဲ့ခြင်းကို ဖျက်ပြီး ယခင်ကထက်ပို၍ အခွန်တော် တိုးတက်ရရှိရန် တမင်ထိုးဆွ ပေးလိုက်လေသည်။

သို့ရာတွင် ကလိကတ်မြို့ကြီးရှိ အစ္စလာမ်ဘာသာဝင်တို့၏ အင်အားမှာ ဘုရင်မင်းမြတ် ထင်သည်ထက် ပိုတောင့်တင်းလျက် ရှိလေသည်။ ဗာစကိုဒဂါးမားသည် ညီလာခံမှ ထွက်ခဲ့ပြီးနောက် မြို့တွင်းမှ ဖြတ်သန်းကာ သင်္ဘောဆိပ်သို့ လမ်းလျှောက်၍ ပြန်လာခဲ့စဉ်မိမိ၏ နောက်လိုက်နှစ်ယောက်နှင့်အတူ မြို့ဝန်အမိန့်နှင့် အဖမ်းခံရလေတော့၏။

မြို့ဝန်က ဗာစကိုဒဂါးမားအား အချုပ်မှလွတ်လိုပါလျှင် မိမိနှင့် မိမိ သင်္ဘောများ ကုန်စည်မပါဘဲ ချက်ချင်း သင်္ဘောဆိပ်မှ ထွက်ခွာရမည်၊ သင်္ဘောတင်ပြီး ကုန်ပစ္စည်းများကို ကုန်းပေါ်သို့ မိမိစရိတ်ဖြင့် ပြန်၍သယ်ချ ပေးရမည့်အပြင် သင်္ဘောမထွက်မချင်း လူ(၇)ယောက်ကို အာမခံသဘောနှင့် ချုပ်နှောင်ထားမည်ဟူသော အမိန့်ကို ဗာစကိုဒဂါးမားအား အတင်းအဓမ္မ သဘောတူခိုင်းလေသည်။

ဗာစကိုဒဂါးမားသည် သင်္ဘောသို့ ပြန်ရောက်သောအခါ အရာရှိအားလုံးကို ခေါ်၍ စည်းဝေးတိုင်ပင်ပြီးနောက် မိမိတို့ကို ယင်းသို့ အသရေယုတ်အောင် ချိုးနှိမ်သော မြို့ဝန်၏အပြုအမူအား ဘုရင်မင်းမြတ်သိမည် မဟုတ်။ ဘုရင့်ရွှေနားတော်ကြား လျှောက်ထားအံ့ဟု နည်းအမျိုးမျိုးနှင့် ကြိုးစားကြလေသည်။ သို့သော် မြို့ဝန်မှာ သူတို့၏လှုပ်ရှားမှုကို အမြဲတစေ မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေသဖြင့် အထမမြောက်ခဲ့ကြပေ။

သို့ဖြစ်လျှင် အသို့ပြုပါအံ့နည်း။ ထိုအချိန် ကလိကတ် သင်္ဘောဆိပ်တွင် အစ္စလာမ်ဘာသာဝင်တို့၏ သင်္ဘောများ ပြည့်နှက်၍ နေလေသည်။ ပေါ်တူဂီ သင်္ဘောသုံးစင်းမှာ အစ္စလာမ်ဘာသာဝင်တို့ ရုတ်တရက် တိုက်ခိုက်မည်ဆိုလျှင် လိုမ့်၍ခံကြရုံမျှသာ ဖြစ်ပေသည်။ သင်္ဘောများကို ရွှေ့ဖို့ပြောင်းဖို့ မဆိုထားနှင့် နေရာကပင် မလွန့်သာ မလှုပ်သာအောင် ရှိနေကြသည်။ သူတို့အဖို့ ချက်ချင်းထွက်ခွာ ခဲ့ကြရုံမှတစ်ပါး အခြားနည်းလမ်း

မရှိတော့ပေ။

သို့ရာတွင် အကြမ်းကိုင်နိုင်သော နည်းတစ်နည်းတော့ ကျန်ပေသေးသည်။ သို့နှင့် လက်နက်ကိုင် လူအချို့ကို လှေနှင့်လွှတ်၍ နီးရာတံငါလှေများမှ တံငါသည်(၂၀)ခန့်ကို ဖမ်းယူစေခဲ့ပြီး သင်္ဘောနှင့်တင်ကာ ချက်ချင်း ထွက်ခွာ ခဲ့ကြလေသည်။ ယင်းသို့သော အပြုအမူများကို ကုန်းပေါ်ရှိလူတိုင်း မြင်ကြရပေသည်။ တံငါသည်များ၏ ဆွေမျိုး မိတ်သင်္ဂဟတို့သည် မြို့ဝန်မင်းထံ အပြေးအလွှား သွားရောက်တိုင်တန်း ကြကုန်၏။ မြို့ဝန်မင်းလည်း ထိုသတင်းကို ဘုရင်မင်းမြတ်ထံ မရောက်စေရန် ထိုလူများကို ခြိမ်းခြောက် နှုတ်ပိတ်ပြီးမှ ချုပ်နှောင်ထားသော ပေါ်တူဂီ (၇)ယောက်ကို အမြန်ဆုံး ပြန်လွှတ်လိုက်တော့၏။

ထိုပေါ်တူဂီ(၇)ဦးတို့ သင်္ဘောပေါ်ပြန် ရောက်ကြသည်နှင့် တစ်ပြိုင်နက် ဗာစကိုဒဂါးမားသည် ဖမ်းထားသော တံငါသည်များအနက် အင်မာနူရယ်ဘုရင်ကိုပြရန် လူအနည်းငယ် ချန်ထားပြီး ကျန်လူများကို ပြန်လွှတ်ပေးလိုက်သည်။ သို့သော်လည်း အစ္စလာမ်ဘာသာဝင်တို့မှာ ဒေါသမီးတောက်လောင် နေသဖြင့် ပေါ်တူဂီသင်္ဘော ထွက်ခွာမည့်လမ်းကို သင်္ဘော(၆၄)စင်းနှင့် ဝိုင်းညှပ် ပိတ်ဆို့ထားလိုက်ကြသည်။

ယင်းကိစ္စများကို ဖြေရှင်းရန်မှာ ပေါ်တူဂီတို့ ကျွမ်းကျင်ထားသော ရေကြောင်းဗဟုသုတဖြင့် လည်းကောင်း၊ အမြောက်နှင့်ပစ်ခတ်၍ လမ်းရှင်းသောနည်းဖြင့် လည်းကောင်း မရအရ ဖြေရှင်းကြရတော့အံ့ဟု ဆုံးဖြတ်ကာ ဇွတ်တရွတ် လုပ်၍ ထွက်ခဲ့ကြ၏။

ဗာစကိုဒဂါးမား၏ ပထမအကြိမ်ကဲ့သို့ အခက်အခဲကို ကြုံခဲ့ရသော ရေကြောင်းခရီးသည် ကင်းလှည့်ထွက်သလို စုံစမ်းရှာဖွေမှု ပြုရုံသာ သွားလာခဲ့ကြခြင်းဖြစ်၍ ၁၄၉၉ ခုနှစ်(စပရင်း)ရာသီတွင် ပေါ်တူဂီပြည်သို့

ပြန်လည်ရောက်ရှိ ခဲ့လေသည်။ ဒဂါးမားက ပေါ်တူဂီဘုရင် အင်မာနူရယ် အား အိန္ဒိယသမုဒ္ဒရာကို ပိုမို၍ အင်အားတောင့်တင်းသော ရေတပ်ကြီးတစ်ခု စေလွှတ်၍ အစ္စလာမ် ဘာသာဝင်များကို မောင်းထုတ်ပြီးလျှင် ဥရောပကုန်သည်လမ်းကို ပါရှားကွေ့မှ ဂွတ်ဟုတ် အငူလမ်းသို့ ပြောင်းလဲပစ်ရန် အကြံပေး လျှောက်ထားလေတော့၏။

အင်မာနူရယ်ဘုရင်လည်း ဒဂါးမား၏အကြံကို လက်ခံပြီးလျှင် နောက်နှစ်မှာပင် ထိုကိစ္စကို စတင်၍ အကောင်အထည် ဖော်လေတော့သည်။ ဤသို့နှင့် နယ်သစ်ရှာဖွေရေးတပ်များ တစ်ခုပြီးတစ်ခု ဆက်တိုက်စေလွှတ်၍ အာရှတိုက် ကမ်းခြေတစ်လျှောက်တွင် သင့်မည်ထင်သော မြို့ရွာတို့ကို တိုက်ခိုက်သိမ်းပိုက်၍ ခံတပ်စခန်းများ တည်ဆောက်စေလေသည်။

ပေါ်တီဂီတို့သည် ပါရှားကွေ့ရှိ အိုမတ်ဇ်မြို့နှင့် ပင်လယ်နီအဝင်ဝရှိ အီဒင်မြို့တို့ကစ၍ တောင်ဘက်သို့ အိန္ဒိယအနောက်ဘက် ကမ်းခြေတစ်လျှောက် သီဟိုဠ်(သီရိလင်္ကာ) ကျွန်းအထိ၊ ထိုမှတစ်ဖန် ဘင်္ဂလားပင်လယ်ပြင်ကို ဖြတ်၍ တရုတ်ပြည်နှင့် အရှေ့အိန္ဒိယခေါ် အင်ဒီးစ်ကျွန်း အပါအဝင် ရေကြောင်းအချက်အချာ စခန်းဖြစ်သော မလက္ကာကျွန်းအရောက် ကမ်းခြေ တစ်လျှောက်၌ ရေတပ်စခန်းများစွာ တည်ဆောက်ကာ ခြေကုတ်ယူထား လိုက်ကြလေသည်။

ထို့နောက် အလယ်ဗဟိုကျသော ဂိုအာမြို့ကို ဘုရင်ခံချုပ်တစ်ပါး ရုံးစိုက်သော အကြီးဆုံး ရေတပ်ဌာနချုပ်စခန်း ပြုလုပ်ကာ ပေါ်တူဂီပိုင် အာရှအင်ပါယာ၏ မြို့တော်အဖြစ် အသုံးပြုသည်။

ဤသို့သော လုပ်ငန်းကြီးများကို (၂၅)နှစ်တာ ကာလအတွင်း၌ပင် အပြီးအပိုင် အခြေစိုက်ခဲ့မိကြသဖြင့် အာရှနှင့်ဥရောပ ကုန်သွယ်မှုသွေးကြောကြီးမှာ ဤနည်းအားဖြင့် ပေါ်တူဂီတို့၏ တစ်ဦးတည်းပိုင် အဖြစ်

သို့ ကျရောက်ခဲ့ပြီးလျှင် ပေါ်တူဂီလူမျိုးတို့လည်း အလွန်အမင်းချမ်းသာကြွယ်ဝလာကြလေသည်။

ဤသည်မှာ ပေါ်တူဂီတို့ အာရှတိုက်ကို နယ်ချဲ့လာကြခြင်းပင်ဖြစ်သည်။

ထိုစဉ်က ရခိုင်ဘုရင် သီရိသုဓမ္မရာဇာမင်း၏ ပိုင်နက်နယ်မြေနှင့်ပတ်သက်၍ ပေါ်တူဂီတို့သည် ရခိုင်ဘုရင်ပိုင် စစ်တကောင်းမြို့အနီးရှိ ရခိုင်ပြည်နယ်စပ်တွင် ဒီယင်းဂါး (Dianga) မြို့ကို တည်ထောင်ထားကြပြီးဖြစ်သည်။ အချို့သော ပေါ်တူဂီတို့သည် ရခိုင်ဘုရင်၏ အမှုတော်ကို ထမ်းရွက်ကြသလို ဟံသာဝတီမင်း၏ ကိုယ်ရံတော် အမြောက်တပ်၌လည်း အမှုထမ်းလျက် ရှိနေကြသည်။

သို့နှင့် ...

***

# အခန်း (၂)

အိမ်ကြီး၏ဝန်းကျင်တွင် ဥဩသံတို့ဖြင့် ညံစီနေသော နွေဦးလ၏ တစ်ညနေစောင်းတွင် လယ်ပိုင်ရှင်ကြီး သော်ဒလီ ဦးမောင်မြတ်စံသည် သူ၏ လယ်ယာလုပ်ငန်းများအား လုပ်ကိုင်နေကြသော လယ်ကူလီများ၏ လယ်ယာလုပ်ငန်းခွင်ကို လှည့်လည် ကြည့်ရှုပြီး အိမ်ပြန်လာသည်။

အချိန်မှာ နေမွန်းစောင်းကြီးအချိန် ရှိနေပြီ။ ထို့ကြောင့် သူ၏မြင်းညိုကြီးကို မြင်းဇောင်းထဲ သွားသွင်းခဲ့ပြီး အိမ်ကြီးနောက်ဘက်ရှိ ငှက်ပျောခြံအစ ရေတွင်းနားသို့ လျှောက်လာသည်။ ရေမချိုးမီ နားနားနေနေ ရေတွင်းနားရှိ ကွပ်ပျစ်ပေါ်တွင် အမောဖြေ ထိုင်နေလိုက်သည်။ သူလယ်တောက ပြန်လာလျှင် ရေချိုးတော့မည်ကို သိနေသဖြင့် ဇနီးသည် ဒေါ်မြသာသူနှင့် အိမ်စေကျွန်မငယ် ဆီလီနာတို့သည် ရေလဲလုံခြည်နှင့် ကိုယ်သုတ်ပဝါတို့ကို ကိုယ်စီယူကာ ဦးမောင်မြတ်စံနားကို ရောက်လာကြသည်။

ထိုစဉ် အိမ်ရှေ့ဘက်မှ ခွေးဟောင်သံများကို ကြားလိုက်ကြရသည်။ သူ့အိမ်မွေးခွေး သုံးကောင်မှာ သူ့ခြံကျယ်ကြီးထဲ လူစိမ်းသူစိမ်းဝင်လာလျှင် ဤသို့ပင် အသံပေး၍ ဟောင်တတ်ကြသည်။ ဤသည်ကို ဦးမောင်မြတ်စံက မည်သို့မျှမပြောမီ ဇနီးသည် ဒေါ်မြသာသူက -

"ဆီလီနာ၊ ဘာလဲ သွားကြည့်လိုက်စမ်း" ဟုပြောလိုက်၏။

ဆီလီနာ ပြေးထွက်သွားပြီး ချက်ချင်း ပြန်ပြေးလာသည်။

"ဇာလဲ"

(ဘာလဲတဲ့)

ဆီလီနာ ပြန်ပြေးလာသည်ကို ကြည့်၍ ဦးမောင်မြတ်စံက မေးလိုက်၏။

"အရှင့်ဆီ ကျွန် ...... ကျွန်ရောင်းလာသူတွေ"

ဆီလီနာအသံက တိမ်သွားသည်။

အကြောင်းမှာ ဆီလီနာ၏ အဖေအမေတို့သည်လည်း ဆီလီနာကို မမွေးမီ အရွယ်ကောင်းတုန်းက ဦးမောင်မြတ်စံဆီတွင် ပေါ်တူဂီများ လာရောင်း သွားထား ကြသည်ကို ငယ်စဉ်ကပင် ကြားသိထားရသဖြင့် ဖြစ်သည်။

ဦးမောင်မြတ်စံတို့ လင်မယားနှစ်ယောက်သည် ကမန်းကတန်း အိမ် ရှေ့ထွက်လာကြ၏။ ခွေးဟောင်သံတို့ကမူ ဆူညံနေတုန်း။ ထို့ကြောင့် သူ့ ခွေးများကို အသံပေး၍ ဟန့်တားလိုက်သည်။ ခွေးဟောင်သံများ တိတ်ဆိတ်သွားသောအခါ အိမ်ကြီး၏အရှေ့ဘက် ခြံအစရှိ ရက်ကန်းရုံမှ ရက်ကန်း ခတ်သံများ သဲ့သဲ့ပေါ်ထွက်လာသည်။

လင်မယားနှစ်ယောက်သည် အိမ်ရှေ့ တံစက်မြိတ်အောက်က ခြံဝဘက် လှမ်းကြည့်လိုက်ကြ၏။

ဆီလီနာပြောသည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်ယောကျာ်း နှစ်ယောက်နှင့် ကျွန်မိန်းမ တစ်ယောက်တို့ကို တစ်ကြိုးတည်း ချည်နှောင်ဆွဲတွဲကာ ပေါ်တူ ဂီစစ်သား တစ်ဦးနှင့် ပေါ်တူဂီကပြား တစ်ဦးတို့ သူ့အိမ်ရှိရာဘက် လာနေ ကြသည်ကို လှမ်းမြင်လိုက်ကြရသည်။ ထိုသူတို့မှာ သူ့အိမ်ခြံအစက ဝင် လာ၍ သူ့အိမ်၏ အလယ်လမ်းလောက် ဆီကိုပင် ရောက်နေကြပြီ။

ထိုအခါ ဦးမောင်မြတ်စံတို့ လင်မယားနှစ်ယောက်မှာ အိမ်ရှေ့လမ်း အတိုင်း ခြံဝဘက်သို့ ချက်ချင်း ထွက်လိုက်လာကြ၏။

အိမ်ကြီးရှေ့ လမ်းဘေးဝဲယာနှစ်ဖက်တွင် သရက်ပင်၊ ပိန္နဲပင်များနှင့်

အုန်းတော၊ ကွမ်းသီးတောများ ရှိကြသည်။ ထို့ကြောင့် လမ်းတစ်လျှောက်လုံးမှာ ညနေစောင်း နေရိပ်ကျနေလေပြီ။

သူတို့လင်မယားနှစ်ယောက် အိမ်ဘက်က ထွက်လျှောက်လာနေ ကြသည်ကို မြင်သောအခါ ကျွန်ယောကျ်ား နှစ်ယောက်နှင့် ကျွန်မိန်းမ တစ်ယောက်တို့ကို ဆွဲခေါ်လာသော ကျွန်ကုန်သည် နှစ်ယောက်တို့မှာ အိမ်ရှေ့လမ်းမ သရက်ရိပ်၌ ခြေလှမ်းတုံ့ကာ မတ်တတ်ရပ်နေ လိုက်ကြသည်။ ဤသည်မှာ သူတို့ဒေသ၏ ကျွန်ရောင်းလာသူတိုင်း လိုက်နာတတ်ကြရသည့် ဥပဒေသတစ်ခုပင်။

ဟူဂလီ (Hoogli) မြစ်ဝကျွန်းပေါ်ရှိ လယ်ပိုင်ရှင် သော်ဒလီတိုင်းသည် မိမိ၏ အိမ်ရိပ်ထဲကို မိမိပိုင် မဖြစ်သေးသော၊ မဝယ်ရသေးသော၊ ကျွန်ယောကျ်ား ကျွန်မိန်းမများကို မဝင်စေရ။ သူတို့၏ ဥပစာအိမ်ရိပ်ထဲကို ကျွန်များဝင်လျှင် လာဘ်တိတ်သည်၊ စီးပွားဥစ္စာ ယုတ်လျော့တတ်သည်ဟု အစဉ်အလာ ယုံကြည်ရင်းစွဲ ရှိကြလေသည်။

ဤသည်ကို သိသဖြင့်လည်း ယခု ကျွန်ရောင်းလာကြသူတွေမှာ အိမ်ရှေ့လမ်းမ သရက်ရိပ်၌ မတ်တတ်ရပ်နေကြခြင်း ဖြစ်သည်။

ဦးမောင်မြတ်စံတို့ လင်မယားနှင့် သူတို့ မျက်နှာချင်းဆိုင် ရပ်လိုက်ကြပြီး အချိုသာဆုံး မျက်နှာ၊ အလွန်ရိုကျိုးသော အမူအရာတို့နှင့် သူတို့ထုံးစံ အလေးပြုပြီးသောအခါ -

"ချောင်ဒရီကြီး ခင်ဗျား၊ ဒီကျွန်သုံးဦးကို ကျွန်ုပ်တို့ ရောင်းလိုပါတယ်" ဟု ပေါ်တူဂီကပြား ကျွန်ပွဲစားက စကားစဆိုသည်။

(သော်ဒလီကို ချောင်ဒရီဟု အသံထွက်ပြောရခြင်းမှာ ကုလားများ၏ အသံထွက်ဖြစ်၏။)

"ငါ မဝယ်လိုဘူး၊ ငါ့မှာ ကျွန်တွေ ရှိနေပြီ"

ဦးမောင်မြတ်စံ၏ စကားသံကြောင့် ကျွန်ကုန်သည် နှစ်ယောက်မှာ မျက်နှာပျက်သွားကြသည်။ သို့သော် ဦးမောင်မြတ်စံတို့ လင်မယားနှစ်ယောက်စလုံးက ကျွန်များကို အကဲခတ် မျက်စိ ကစားနေကြသည်ကို ရိပ်မိသွား၍ ကျွန်ပွဲစားက ဆွယ်စကား ထပ်ပြောသည်။

"ဒီနယ်တစ်ဝိုက်မှာ ချောင်ဒရီကြီးဟာ အချမ်းသာ အကြွယ်ဝဆုံးနဲ့ လာရောင်းသမျှ ကျွန်တွေကို ဝယ်ပါတယ် ကြားလို့ ကျွန်ုပ်တို့ ပထမဦးဆုံး ချောင်ဒရီကြီးဆီကို ဦးစားပေး လာရောင်းကြတာပါ ခင်ဗျား။ ဒီရာသီလို အလုပ်များတဲ့ အချိန်မှာ ချောင်ဒရီကြီးမှာ ကျွန်တွေလည်း လိုအပ်နေတဲ့ အချိန် မဟုတ်ပါလား ခင်ဗျား"

အမှန်တကယ်ဆိုမူ သော်ဒလီကြီးသည် ကျွန်မလိုချင်၍ မဟုတ်ပေ။ သူ့တွင် လယ်ယာလုပ်ငန်းနှင့် ရက်ကန်းရုံအတွက်လည်း ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကို လိုအပ်နေပေသည်။ ယခုရောင်းမည့် ကျွန်ထဲတွင် မိန်းကလေးတစ်ယောက် ပါလာသည်ကို သူသတိထား ကြည့်မိပြီး ဖြစ်သည်။ သို့သော် ဤကျွန်လာရောင်းသူ ပေါ်တူဂီနှင့် ကျွန်ပွဲစားတို့သည် တခြားကျွန်ဝယ်နိုင်သော ရခိုင်သော်ဒလီ၊ ကုလားချောင်ဒရီ လယ်ပိုင်ရှင်ကြီးများ ရှိရာကို သွားရောင်းကြမည်ဆိုလျှင် အနည်းဆုံး တစ်ညအိပ်ခရီး တော့ သွားကြရဦးမည်။ ဤသည်မှာလည်း လမ်းခရီးတွင် တစ်စုံတစ်ခု အနှောင့်အယှက် မရှိမှသာ။ ထို့ကြောင့် ဤကျွန်များကို သူတို့သည် မလွဲမသွေ သူ့ဆီမှာသာ ရောင်းချခဲ့ကြလိမ့်မည်ကို တွက်ပြီးသား။ ဤနယ်တစ်ဝိုက်တွင်ရှိ ရခိုင်ရွာ လေး,ငါးရွာမှာ သူ့လယ်သူ့ယာကို လုပ်ကိုင်နေကြသူများချည်း လိုလိုဖြစ်နေရာ ဤနယ်တစ်ဝိုက်၌ ကျွန်ဝယ်နိုင်သူမှာ သူတစ်ယောက်သာ ရှိလေသည်။

ဤကျွန်များမှာ ဟူဂလီမြစ်ကမ်း နှစ်ဖက်ရှိ တစ်နေရာရာက ပေါ်တူဂီများ ဝိုင်းဖမ်း၍ ခွဲတမ်းရလာကြသော ကျွန်များဆိုသည်ကိုလည်း အတွေ့အကြုံ အရ သူကသိထားသည်။ သူ မဝယ်လိုက်သဖြင့် နောက်ကျွန်ဝယ်နိုင်သော သော်ဒလီတစ်ရွာရွာကို သူတို့ သွားရောင်းကြပါက လမ်းခရီးတွင် ထိုကျွန် နှင့်သူတို့၏ ခြေရာကိုခံကာ လိုက်လာနေကြသော ကျွန်လုမည့် သူများနှင့် ကျွန်များ၏ ရွာသား၊ ဆွေမျိုးများရန်ကိုလည်း ကြောက်ရသည်။ ကျွမ်းဖမ်း စဉ်ကမူ အစုအဝေး အပေါင်းအသင်းများနှင့် ဝိုင်းလိုက် ဖမ်းဆီးခဲ့ကြ သော်လည်း ယခုမိမိခွဲတမ်းကို မိမိဘာသာ သွားရောင်းကြရသောအခါ ကျွန် ပွဲစားနှင့် ပေါ်တူဂီတို့မှာ နှစ်ယောက်တည်းသာ ဖြစ်သဖြင့် လမ်းခရီးတွင် တစ်စုံတစ်ခု အနှောင့်အယှက်နှင့် ကြုံပါက သူတို့ဖမ်းလာသော ကျွန်များက လည်း သူတို့နှစ်ယောက်ကို ပြန်၍ အန္တရာယ်ပြုနိုင်သည်။

ထို့ကြောင့် ယခုအခါ နေကလည်း ဝင်တော့မည်ဖြစ်ရာ ကျွန်များကို သူတို့ မဖြစ်မနေ မိမိဆီ၌ ရောင်းကြရတော့မည်ကို သော်ဒလီကြီးက အတပ်သိ ထားလေသည်။ ထို့ကြောင့်လည်း ဈေးနည်းသည်ထက် နည်းအောင် ကျွန်မ ဝယ်လိုဟု ပရိယာယ်နှင့် ပြောလိုက်ခြင်း ဖြစ်သည်။

"ချောင်ဒရီကြီး ခင်ဗျား၊ စဉ်းစားပေးပါဦး။ ဈေးလည်း မများစေရပါဘူး။ အသက်သာဆုံး ဈေးနဲ့ ရောင်းမှာပါ။ ချောင်ဒရီကြီး သိတဲ့အတိုင်းပဲ ကျွန်ုပ် တို့ပြန်ဖို့ ခရီးလမ်းကလည်း ရှိ ..."

"ခင်ဗျားတို့ ဘယ်အထိတောင် ပြန်ကြရမှာမို့လဲ"

"ဟူဂလီထိပြန် ..."

"ဒီယင်းဂါးထိ ..."

ကျွန်ပွဲစားက 'ဟူဂလီ' ဟူသောစကား မဆုံးမီမှာပင် ဟိန္ဒူစတာနီစကား နှင့် ရခိုင်စကားကို တစ်ခွန်းစနှစ်ခွန်းစ နားလည်နေသော ပေါ်တူဂီက ဒီယ

င်းဂါးဟု ဝင်ပြောလိုက်ပြန်သည်။

(ဟူဂလီမြစ်သည် ယခု ကာလကတ္တားမြို့သို့ ပင်လယ်ကူး သင်္ဘောကြီးများ ဝင်ထွက်သွားလာနေကြသော မြစ်ဖြစ်သည်။ ၁၆-၁၇ရာစုကမူ စည်းတိမ်သောင်ကမ်း ထူထပ်၍ ရေကြောင်းပြ အရာရှိများ ခန့်ထားပြီးမှသာ လှေသင်္ဘောများဝင်ထွက် သွားလာနိုင်သော ရေလမ်းကြောင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းကို {Brace of Bengular} ဟု ယဉ်ကျေးစွာ ခေါ်ခဲ့ကြသည်။)

ဤသည်ကို ရခိုင်သော်ဒလီကြီးက ချက်ချင်း သဘောပေါက်လိုက်ပြီး စိတ်ထဲက ပြုံးမိလိုက်ပြန်သည်။

ကျွန်ပွဲစားပြောသော ဟူဂလီမှာ ခရီးဝေးဖြစ်သဖြင့် ကျွန်ပွဲစားက တမင်လိမ်ပြောခြင်းသာ။ ပေါ်တူဂီစစ်သား ပြောသည်မှာ ခရီးအနီးအမှန်ဖြစ်သည်။ ဟူဂလီမြစ်ဝရှိ ဒီယင်းဂါးမြို့မှာ ယခု သူတို့ရောက်နေသော အရပ်နှင့် ပိုနီးသည်။ ဤကျွန်တွေသည်လည်း ဟူဂလီမြစ်၏ လက်တက်များ ဖြစ်သော ချောင်းငယ်၊ မြောင်းငယ်၊ ရွာငယ်ဇနပုဒ်များက ဖမ်းလာကြသော ကျွန်များသာ ဖြစ်ရမည်။

ဒီယင်းဂါးမြို့ဆိုသည်မှာ ဂိုအာအစိုးရ၏ တင်းကျပ်သော အာဏာစက်အတွင်း၌ နေစရာမရှိသော ပေါ်တူဂီ လူဆိုး၊ လူပေလူတေ၊ လူမိုက်၊ ပင်လယ်ဓားပြများ၏ ခိုလှုံအားထားရာ အရပ်ဖြစ်သည်။ ထိုမြို့ဖြစ်ပေါ်လာပုံမှာလည်း ဂိုအာအစိုးရ၏ ဥပဒေကို ချိုးဖောက်၍ ထွက်ပြေးလာကြသော ဝရမ်းပြေးများ ခိုလှုံနေထိုင်လာကြရာမှ အိမ်ခြေယာခြေ တိုးပွားလာပြီး မြို့ဟူ၍ သမုတ်ထားကြသော အရပ်ဖြစ်သည်။ ထို့ကြောင့် ဒီယင်းဂါးနှင့် ဟူဂလီမြို့ရှိ ပေါ်တူဂီများမှာ လူဆိုးဓားပြများသာ ဖြစ်ကြသဖြင့် နေ့မြင်ညပျောက် ဝရမ်းပြေးများသာ အများဆုံးဖြစ်ကြသည်။ ဤဝရမ်းပြေးများသည် သူတို့ဖမ်း၍ ရလာသော ကျွန်များကို ရသည့်ဈေးနှင့် ရောင်းချကြ

မည်မှာ မြေကြီးလက်ခတ်မလွဲပေ။ သူတို့တွင် အနာဂတ်တည်းဟူသော မျှော်လင့်ချက်ကို မထားနိုင်ကြ။ ကျွန်ရောင်း၍ ရသမျှငွေနှင့် တစ်နေ့တစ်ရက်ပဲဖြစ်ဖြစ် မသေမီ၊ အဖမ်းမခံရမီ ဖိမ်ကျကျ နေသွားကြရမည်ဟူသော ရည်မှန်းချက်ကိုသာ ထားတတ်ကြသည်။ ဤသည်တို့ကို သိထားသော ရခိုင်သော်ဒလီကြီးက -

"ခင်ဗျားတို့ အရင့်အရင်က ရခိုင်သော်ဒလီတွေဆီမှာ ကျွန်ရောင်းဖူးကြပုံ မရဘူး၊ ရခိုင် ..."

"မှန်ပါတယ် ခင်ဗျား၊ ကျုပ်တို့ အရင့်အရင်က ဘယ်ရခိုင် သော်ဒလီဆီမှာမှ ကျွန်မရောင်းဖူးကြပါဘူး။ ခု သော်ဒလီကြီးဆီကို ဦးဆုံး လာရောင်းကြတာပါ။ နောင်ကိုလည်း ..."

"အေး ... ဒါကြောင့်လည်း ခင်ဗျားတို့က ကျုပ်ဆီ ကျွန်လာရောင်းနေကြတာကိုး။ ဝမ်းနည်းပါတယ်။ ကျုပ်တို့ရခိုင်မှာ လူတစ်ယောက်ကို ကျွန်အဖြစ် ဝယ်ယူပြီး တစ်သက်လုံး ကျွန်ပြုထားတယ်ဆိုတာ အစဉ်အလာ မရှိပါဘူး။ ဘုရင်ကလည်း ခွင့်မပြုဘူး၊ ကျုပ်တို့ ဘာသာရေး ကလည်း ခွင့်မပြုတော့ ရခိုင်သူ၊ ရခိုင်သားတို့ ဆီမှာလည်း ကဲ့ရဲ့စရာဖြစ်တယ်"

"ဟင် ... ဒါဆို ခု ချောင်ဒရီကြီးဆီက လယ်ယာ လုပ်ကိုင်ပေးနေတဲ့ ကျွန်တွေကရော ခင်ဗျား။ ဝယ်ထားတာ မဟုတ်ပါလား"

"မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး။ တစ်သက်လုံး အပြီးအပိုင် ဝယ်ထားတဲ့ ကျွန်ရယ်လို့ ကျုပ်ဆီမှာ တစ်ယောက်မှ မရှိပါဘူး။ ခုကျုပ်ဆီမှာရှိနေတဲ့ ကျွန်တွေက သုံးနှစ်နဲ့ အပေါင်ခံထားတဲ့ ကျွန်တွေချည်းပါပဲ။ အဲ ... သုံးနှစ်စေ့လို့ ပိုင်ရှင်ကလာမရွေးရင် ဒေသဥပဒေအရ သူတို့ကို လယ်ကူလီအဖြစ် အခကြေးငွေပေးပြီး ခိုင်းရပါတယ်။ ရွာတည်ပေးရပါတယ်။ ဒါ ... ဘုရင့်ဥပဒေပဲ"

ရခိုင်သော်ဒလီကြီး စကားကြောင့် ကျွန်ပွဲစားမျက်နှာမှာ ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ပေါ်တူဂီစစ်သားအားလည်း သော်ဒလီကြီး၏ စကားကို ကျွန်ပွဲစားက ရှင်းပြနေပြန်၏။

အမှန်က ကျွန်ပွဲစားသာ မဟုတ်။ သူတို့ကို ဖမ်းခေါ်လာကြသော ကျွန် များ၏ မျက်နှာမှာလည်း ဦးမောင်မြတ်စံ၏ စကားကြောင့် ချက်ချင်း ညှိုးရော်နွမ်းဖတ် သွားကြသည်။ ဤသူများအနေကမူ ဤသော်ဒလီကြီးက သာ သူတို့ကို မဝယ်ဘူးဆိုလျှင် အငတ်ငတ် အပြတ်ပြတ်နှင့် ဝယ်သူများရှိ ရာကို နောက်ထပ်ဘယ်နှစ်ရက် လိုက်ပါနေကြရဦးမည် မသိသေး။ ထိုအခါ လမ်းခရီးတွင် မဝရေစာကိုစားပြီး ခရီးဝေး သွားရဦးမည်ဆိုလျှင် သူတို့မှာ ယခုပင်လျှင် အားအင်ချည့်နဲ့၍ ပင်ပန်းနွမ်းနယ် ရှိနေကြရာ သူတို့မှာ မည် သူ့ကိုရောင်းရောင်း မြန်မြန်ရောင်းထား ခဲ့ကြလျှင် ကျွန်ပိုင်ရှင်များက သူတို့ ကို အလုပ်မြန်မြန် လုပ်ခိုင်း၍ရအောင် အစာရေစာ ဝဝလင်လင် ကျွေးကြ မည်သာဖြစ်သည်။

ထို့ကြောင့် ယခု သူတို့၏အနေမှာ အစာရေစာ ဝဝလင်လင် စားရရေးနှင့် အနှောင်အဖွဲ့က မြန်မြန်လွတ်မြောက်ရန်သာ ဆုတောင်းနေကြရသည်။ သို့မဟုတ်၍ နောက်ထပ်ခရီးတစ်ခါ သွားကြရဦးမည်ဆိုလျှင် အစာရေစာ မ ဝမလင်ဖြစ်ကာ ပိန်ချုံးညှိုးရော်နေသော သူတို့ကို ဝယ်သူမရှိ ဖြစ်တတ် သလို လမ်းခရီး၌ မသွားနိုင်မလာနိုင်ဖြစ်ပြီး သတ်ထားခြင်းခံရကာ ဘဝ နိဂုံး ချုပ်ကြရပေမည်။ ထိုကဲ့သို့ ဘဝနိဂုံး ချုပ်ကြရသူများကို ကြားဖူးနားဝ ရှိထားကြသောအခါ ရှေ့ဆက် မတွေးရဲလောက်အောင် ကြောက်ရွံ့ ထိတ်လန့် သွားကြပြီး ကြိုးချည်ထားသည့် ကြားထဲက တစ်ဦးနှင့်တစ်ဦး တိုင်ပင်မထားကြဘဲ ရုတ်ခြည်း ထိုင်ချလိုက်ကြကာ -

"ချောင်ဒရီသခင်ကြီး ကျွန်တော်မျိုးတို့ကို ဝယ်ပါ။ ကျွန်တော်တို့ အလုပ်

ကောင်းကောင်း လုပ်ပါ့မယ်"

"ချောင်ဒရီသခင်ကြီး ကျွန်တော်မကိုလည်း ဝယ်ပါ။ အလုပ်ကို ကောင်းကောင်းလုပ်ပါ့မယ်။ ကျွန်တော်မဟာ ရက်ကန်းလည်း ခတ်တတ်ပါတယ်။ မုန့်လည်း လုပ်တတ်ပါတယ်"

ဟု ဦးခေါင်းမြေတိုက် အကြိမ်ကြိမ်လုပ်ကာ တောင်းပန်နေပြန်၏။ ဤသည်ကို ကျွန်ပွဲစားက -

"ပါးစပ် ပိတ်ထားကြစမ်း၊ ဒီနေရာမှာ သေသွားချင်လား"

ဟု အော်လိုက်ပြီး အနီးဆုံးတစ်ယောက်ကို ဆောင့်ကန်လိုက်ရာ စကားသံအစား ရှိုက်သံများကိုသာ ကြားနေရတော့သည်။

ကျွန်ပွဲစားက သော်ဒလီကြီး၏ မျက်နှာကို စိုက်ကြည့်ကာ -

"ချောင်ဒရီကြီး ဆိုလိုတာက ဒီ ခုကျွန်ုပ်တို့ရဲ့ ကျွန်တွေကို ပေါင်ထားခဲ့မယ် ဆိုရင်တော့ အပေါင်ခံမယ်ဆိုတဲ့ သဘောပဲ မဟုတ်ပါလား ခင်ဗျား"

ဟု ကျွန်ပွဲစားက အချိုသာဆုံး လေသံနှင့် ပြောလာပြန်သည်။

"မှန်ပါတယ်၊ ခင်ဗျားတို့က သုံးနှစ်ကတိနဲ့ ပေါင်ထားခဲ့မယ် ဆိုရင်တော့ ကျုပ်စိတ်ကြိုက်တွေ့ရင် အပေါင်ခံမယ်"

"ကောင်းပါပြီ ချောင်ဒရီကြီး။ ကြည့်ပါခင်ဗျား။ ကျွန်ုပ်တို့ ကျွန်တွေဟာ လမ်းခရီးမှာ နည်းနည်းကြာသွားလို့ လောလောဆယ် အင်အားချိနဲ့ နေကြတာကလွဲရင် မျက်စိ၊ နား၊ နှာ၊ အင်္ဂါ ခြေလက်အားလုံး အကောင်းပဲဆိုတာ ချောင်ဒရီကြီး အမြင်ပါ။ ချောင်ဒရီဆီရောက်ရင် အားလုံး အားကောင်းမောင်းသန် ဖြစ်လာကြမဲ့ ကျွန်တွေပါ ခင်ဗျား။ ကြည့်ပါ၊ ကြည့်ပါ"

"အားလုံးကို ကြိုးဖြေပေးလိုက်ပါ။ သူသူ၊ မိန်းကလေးကို မြင်းစောင်းထဲ ခေါ်သွားပြီး ရော်ကိန္နာနဲ့ မင်းတို့ စစ်ကြည့်ကြပါ။ ပြီးတော့ ဆာလာဒင်နဲ့

ဆူပရာတို့ကိုလည်း ဒီလာဖို့ပြောလိုက်"

ဟု ဦးမောင်မြတ်စံက သူ့မိန်းမ ဒေါ်မြသာသူကို ပြောလိုက်သည်။ ဒေါ်မြသာသူက -

"သူတို့ လယ်တောက ပြန်ရောက်လာကြ သေးလို့လား"

ဟု ခင်ပွန်းကို ပြန်မေး၏။

"ငါနဲ့အတူ ပြန်လာကြတယ် အိမ်မှာရှိမှာပေါ့"

ဒေါ်သော်ဒလီက အပေါ်အောက်အဝတ်တွေ စုတ်ပြတ်ကာ ရွံ့အလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်းနှင့် မိန်းကလေးရုပ်ပင် မပေါက်ရှာသော ကလေးမလေးကို လာလိုက်ခဲ့" ဟုပြောကာ အိမ်နောက်ဘက် ခေါ်သွားလေသည်။

"သေသေချာချာ မတ်တတ်ရပ်ပြစမ်း၊ ဘာလို့ ဒူးတုန်နေကြတာလဲ"

စောစောက မိန်းကလေးလိုပင် အဝတ်စုတ်ပြတ်၍ ရွံ့အလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်းနှင့် ဖြစ်နေကြသော ကျွန်ယောကျ်ား နှစ်ယောက်ကို ကျွန်ပွဲစားက မတ်တတ် ရပ်ပြခိုင်းသည်။

သော်ဒလီ ဦးမောင်မြတ်စံကလည်း နှစ်ယောက်စလုံး၏ တစ်ကိုယ်လုံးကို ကိုင်တွယ်၊ ဖျစ်ညှစ် လှည့်ပတ်၍ ရှေ့နောက်မကျန် စေ့စေ့စပ်စပ် ကြည့်သည်။

သူတို့ကိုယ်ပေါ်ရှိ ရွံ့နွံ့များမှာ ချောင်းထဲ သားငါးရှာနေတုန်း အဖမ်းခံလာရသည်ကို ဦးမောင်မြတ်စံက မမေးဘဲနှင့်သိ၏။ သို့သော် ရွံ့နွံ့တို့မှာ သူတို့ကိုယ်ပေါ်၌ ခြောက်သွေ့နေကြပြီ ဖြစ်သဖြင့် သူတို့အား ပေါ်တူဂီများ ဖမ်းခေါ်လာသောရက်ကိုလည်း စိတ်ထဲက တွက်ကြည့်နေမိသည်။

အပေါ်၌မူ တစ်ယောက်မှ အင်္ကျီမပါ။ ဒိုတီအောက်ပိုင်းများ စုတ်ပြတ်

နေသည်နှင့် ဒူးပြ၊ ကိုယ်ပွန်း စသည့် ဒဏ်ရာဒဏ်ချက်များမှာ ပေါ်တူဂီစစ်သားများ လေ့နှင့်ချောင်းထဲသို့ တိတ်တဆိတ် ဝင်လာကြပြီး လိုက်ဖမ်းကြစဉ်က ပြေးလွှား ရုန်းကန်ထားကြ၍ တစ်ကိုယ်လုံးတွင် ပွန်းရာပဲ့ရာ ခြစ်ရာရှရာများနှင့် ပြည့်နေသည်။ သို့သော် အပေါ်ယံ၌သာဖြစ်၍ တချို့ အစင်းကြောင်းတွေမှာ အရာသာကျန်ပြီး သွေးစသွေးခြောက်များကိုသာ တွေ့ရသည်။ ကြီးကြီးကျယ်ကျယ် အနာဒဏ်ရာဆို၍ကား တစ်ခုမှ မပါလာကြ။ နှစ်ယောက်စလုံးမှာလည်း သန်သန်မာမာပင် ဖြစ်ကြသည်။

သော်ဒလီကြီး ဦးမောင်မြတ်စံက ထိုသို့ ကျွန်ယောကျ်ား နှစ်ယောက်ကို ခြေဆုံးခေါင်းဆုံး မကျန်အောင် စစ်ဆေးကြည့်နေချိန်မှာ ဒေါ်သော်ဒလီ မြသာသူမှာလည်း ရက်ကန်းရုံက ကူလီသည်မခေါင်း ရော်ကိန္နာနှင့် သူတို့ ဝယ်မည့် သို့မဟုတ် အပေါင်ခံမည့် ကျွန်လောင်း ကလေးမလေးကို စစ်ဆေးကြည့်နေကြသည်။

"ဒီလက်နှစ်ဖက်လုံးက အညိုကွက်ကြီးက ဘာဖြစ်တာလဲ"

"ကျွန်တော်မကို သူတို့တွေ သားမယား ပြုကျင့်ကြပါတယ်။ ပြီးတော့ လက်နှစ်ဖက်စလုံးကို ကြိုးချည်ပြီး ထုပ်မှာတွဲထားတဲ့ ဒဏ်ရာပါ"

"ဟင် ... ဘာဖြစ်လို့ ထုပ်မှာတွဲထား ရတာလဲ"

"သူတို့မျိုးစေ့ဗီဇ ကိုယ်ပေါ်ကျန်နေမှာ စိုးလို့ပါတဲ့ သခင်မကြီး"

ရော်ကိန္နာ၏ ပင်ကိုမည်းမျက်နှာမှာ ကလေးမလေးစကားကြောင့် ညိုပုပ်သွားသလား ထင်ရသည်။ ဒေါ်သော်ဒလီ၏ ပန်းရောင်လွှမ်းနေသော မျက်နှာကမူ ချက်ချင်းတွတ်တွတ် ရဲတက်သွား၏။

"ဒီမိစ္ဆာကောင်တွေဟာ ဘာလို့ ဒီလောက်ထိ ယုတ်မာကြရတာလဲ" ဒေါ်သော်ဒလီနှင့် ရော်ကိန္နာတို့မှာ ဆက်မမေးနိုင်ကြတော့။ ရင်ဆို့၍ စကား

ဆက်မမေးနိုင် ဖြစ်သွားကြစဉ် ကလေးမက -

"အရှင်သခင်မ၊ ကျွန်တော်မကို ဝယ်ပါ။ ကျွန်တော်မ ကျွန်တော် ..."

"ကဲ ... လာ လာ၊ နင့်ကို သခင်မ ဝယ်ဖြစ်အောင် ဝယ်ပ့ါမယ်ကွယ်။ မငိုနဲ့တော့၊ ဒီက ရော်ကိန္ဒာနဲ့အတူ နေရစေ့မယ်နော်၊ ကဲ ... ရော်ကိန္ဒာ လည်း လိုက်ခဲ့"

ဟုပြောကာ ဦးမောင်မြတ်စံတို့ရှိရာ အိမ်ရှေ့ကို ဒေါ်သော်ဒလီက မိန်းကလေးအား ပြန်ခေါ်လာသည်။

ထိုအချိန်တွင် အိမ်ရှေ့လမ်းမရှိ သရက်ရိပ်အောက်တွင် ရှိနေကြသော ဦးမောင်မြတ်စံနှင့်အတူ သူတို့အနား၌ ဆာလာဒင်နှင့် ဆူပရာတို့ကိုလည်း မတ်တတ်ရပ်၍ တွေ့ရသည်။

မင်းတို့ကိုးကွယ်တဲ့ ဘာသာ၊ လူမျိုးကရော -

"ကျွန်တော်မျိုးတို့ ဟိန္ဒူတွေပါ"

"ကျွန်တော်မလည်း ဟိန္ဒူပါသခင်"

အမှန်က သူတို့သည် အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြ၏။ သို့သော် ရခိုင်သော်ဒလီကြီးမှာ ဗုဒ္ဓဘာသာဆိုသည်ကို သူတို့သိကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် အနီးစပ်ဆုံးဖြစ်သော "ဟိန္ဒူတွေပါ" ဟု လိမ်ပြောလိုက်ကြခြင်း ဖြစ်သည်။

ဦးမောင်မြတ်စံ၏ အမေးကို ကျွန်လောင်းနှစ်ယောက်က ထိုသို့ဖြေသလို ကျွန်အရာ မမြောက်သေးသော ကလေးမလေးကလည်း သူ့ကို မဝယ်မှာ အပေါင်မခံမှာစိုး၍ ဝင်ဖြေ၏။

ဤသည်ကို "ရော်ကိန္ဒာက နင့်ကို ငါသိပြီးပါပြီ" ဟု ကုလားလို ပြောလိုက်၏။

ဟိန္ဒူဖြစ်ဖြစ် မူစလင်ဖြစ်ဖြစ် ဤသူငယ်မ၏ အဖြစ်ကို သူ့သခင်မကြီးက သနား၍ လက်လွှတ်ခံမည် မဟုတ်ကြောင်း သိထားသော ရော်ကိန္ဒာက ကလေးမလေးကို ဟန့်တားလိုက်သည်။

"မင်းတို့ပြောတာ အမှန်ပဲလား"

"အမှန်ပါ သခင်ကြီး"

ဦးမောင်မြတ်စံသည် မေးစစ်နေရင်းက သူ၏ကူလီခေါင်းဖြစ်သော ဆူပရာဆီ မေးထိုးပြလိုက်၏။ ထိုအခါ ဆူပရာက ဟိန္ဒူဘာသာဝင် ဟုပြောသော သူတို့ကို အငိုက်ဖမ်းပြီး ကောက်ကာငင်ကာ ချက်ချင်း အော်ငေါက်မေးလိုက်၏။

"ဒါဆို မင်းတို့ မိုဟာမက်ရဲ့ ဆုရအပိုဒ်ဆိုတာ ဘယ်လောက်လဲ"

"ရှစ်ဆယ်ပါ သခင်ကြီး"

ဆူပရာက ပြုံးလိုက်တော့မှ ကျွန်နှစ်ယောက်မှာ သူတို့လိမ်ပြောတာ ပေါ်သွားသဖြင့် မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ ဆူပရာကြီးကို မော့မကြည့်ရဲ ဖြစ်သွားကြ၏။

"ဟေ့ကောင်တွေ၊ မင်းတို့ကို မြင်ကတည်းက အစ္စလာမ် ဘာသာဝင် မှန်း ငါသိတယ်၊ ငါတို့က ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ဘာသာရေးကိုင်းညွှတ် သူကိုပဲ လိုချင်တယ်၊ ကဲ … ပြော ကိုရအန်ကျမ်းစာထဲက အပိုင်းလေး၊ အပိုင်းသုံးကို ရွတ်ပြစမ်း"

"ကိုရအန်ကျမ်းစာထဲက"

"ဟုတ်ပါတယ်ဆို၊ ရွတ်ပြပါ"

"သင်တို့သည် မိဘမဲ့ မိန်းမသားများအား ကောင်းစွာထောက်ပံ့ရန် ကျေးမွေးမှု မပြုနိုင်ဟုသိရှိ၍ ထင်မြင်သော မိန်းမများအား

လက်ထပ်ထိမ်းမြား ကြကုန်လော့။ သို့သော်လည်း သင်တို့ တစ်ယောက် ထက်ပို၍ ထောက်ပံ့ရမည်ကို စိုးရိမ်ကြောင့်ကြခြင်း မရှိခဲ့လျှင် နှစ်ယောက်၊ သုံးယောက်ထိ လက်ထပ်ယူနိုင်တယ်လို့ ကိုရအန်က ဆိုထားပါတယ် ဆရာကြီး"

ဘယ်ဘာသာဖြစ်ဖြစ် ဘာသာရေး ကိုင်းညွတ်သူကို လိုချင်သည်ဆိုသော ဆူပရာ၏ စကားကြောင့် တစ်ယောက်က ဝမ်းသာအားရ ပြောလိုက်သည်။

"ဟုတ်ပါပြီ၊ မင်းတို့ ဘာသာရေး ကိုင်းညွတ် ကြတယ်ဆိုတာ ငါတို့ယုံပါ ပြီ"

"ချောင်ဒရီကြီး ကျေနပ်ပြီမဟုတ်လား ခင်ဗျား"

ဆူပရာကြီး စကားဆုံးသည်နှင့် ကျွန်ရောင်းလာသူ ပေါ်တူဂီစကားပြန်က ဦးအောင်မြတ်စံကို မေးလိုက်၏။

"ကောင်းပြီလေ၊ မင်းတို့ ဈေးကိုပြော"

"ထုံးစံဈေးပါပဲ ချောင်ဒရီကြီး၊ ကျွန်တစ်ယောက်ကို သျှီလင်သုံးဆယ်၊ ကျွန်မငယ်က သျှီလင်လေးဆယ်ပါ ခင်ဗျား၊ ဈေးမများပါဘူး"

"မင်းတို့ဆီက ငါအပိုင်ဝယ်မှာ မဟုတ်ဘူးနော်၊ သုံးနှစ်ကတိနဲ့ အပေါင်ပဲခံ မှာ"

"ဟုတ်ကဲ့ပါ၊ ကောင်းပါပြီခင်ဗျား"

"မကောင်းနဲ့ဦးကွ၊ မင်းတို့ဈေးက ဝယ်ရောင်းဈေးထက် နှစ်ဆလောက် တောင် များနေတယ်။ ငါတို့အရပ်မှာ ကျွန်တစ်ယောက် အားကောင်း မောင်းသန်ကိုမှ သျှီလင် ၃၀၊ ငါတို့ဒင်္ဂါးနဲ့ ၂၀ ပဲ ရှိတယ်။ အဲဒါက အပြီး ရောင်းတာ။ ခုကအပေါင်ခံတာနော်။ ပေါက်ဈေးရဲ့ တစ်ဝက်ပဲရမယ်။ သုံး နှစ်စေ့လို့ မင်းတို့လာရွေးတဲ့ အခါလည်း ဒီဈေးအတိုင်းပဲ ငါက မင်းတို့ကျွန်

တွေကို ပြန်အပ်မှာပဲ။ အဲဒီခါ ဆက်ပေါင်ဦးမယ် ဆိုရင်လည်း ငါက သျှီလင်(၁၅)၊ တို့ငွေ(၁၀) ထပ်ပေးပြီး နောက်တစ်ခါ သုံးနှစ်အပေါင်ထပ်ခံမယ်။ ဒါလည်း ငါခိုင်းကြည့်လို့ စိတ်ကြိုက်တွေ့မှ ထပ်အပေါင်ခံမှာနော်။ မင်းတို့ ကတိမတည်ရင်တော့ သုံးနှစ်က ငါးရက်ကျော်တာနဲ့ အဆုံးပဲ။ ငါပြောတာ ဘယ့်နှယ်လဲ၊ မင်းတို့ သဘောပေါက်လား"

ရခိုင်သော်ဒလီကြီး ပြောသည်မှာ ရှည်လျားလွန်းသဖြင့် ကျွန်ပွဲစား ပေါ်တူဂီကပြား ပေါ်တူဂီစစ်သားကို ရှင်းပြရသည်။ ပေါ်တူဂီစစ်သားကလည်း ကျွန်ပွဲစားကို မေးခွန်းထုတ် မေးမြန်းနေပြန်၏။

ကျွန်သုံးယောက်ကမူ ရင်တမမဖြင့် သော်ဒလီကြီးမျက်နှာကို ကြည့်လိုက်၊ ပေါ်တူဂီစစ်သားနှင့် ကျွန်ပွဲစားမျက်နှာကြည့်လိုက်နှင့် မလှုပ်မယှက် ရပ်နေကြရသည်။

"ပေါ်တူဂီသခင်က အပေါင်ခံတာကို ကျေးဇူးတင်ပါတယ်တဲ့။ ဒါပေမဲ့ပေးတဲ့ဈေးက နည်းလွန်းတယ်လို့ ပြောပါတယ် သော်ဒလီကြီး ခင်ဗျား"

"ကျွန်တစ်ယောက်ရဲ့ ခုကာလပေါက်ဈေးဟာ ဂိုအာ၊ ဒီယင်းဂါး၊ ဟူဂလီ၊ တို့အရပ် အတူတူပဲဆိုတာ ဒီယင်းဂါးနေတဲ့ မင်း ပိုသိမှာပေါ့။ ရောင်းဈေးနှစ်ဆယ်၊ ပေါင်ဈေး တစ်ဆယ်လေကွာ။ မင်းလူကို ပြောပြလိုက်၊ တစ်ယောက်တစ်ဆယ်နဲ့ပဲ အပေါင်ခံနိုင်မယ်လို့။ တစ်ယောက် တစ်ဆယ်နဲ့မရရင် ငါအပေါင်မခံနိုင်ဘူး"

"နည်းနည်းတော့ တိုးပေးပါဦး သော်ဒလီကြီး ခင်ဗျား၊ ကျွန်ုပ်တို့လည်း ခရီးဝေးကလာတာ ..."

"နောက်ထပ် တစ်ပြားမှ တိုးမပေးနိုင်ဘူး။ မင်းတို့ ပေါင်ချင်ပေါင်၊ မပေါင်ချင် ပြန်ကြတော့"

သိလျက်နှင့် အတင်းတစ်ပြားတစ်ချပ် အပိုရလိုရငြား ဈေးဆစ်နေသော ကျွန်ပွဲစားကို ရခိုင်သော်ဒလီကြီးက စိတ်တိုလာသဖြင့် ပြတ်ပြတ်ပင် ပြောချလိုက်သည်။

"ဒါဆိုလည်း ကောင်းပါပြီခင်ဗျား၊ ကျွန်ယောက်ျားနှစ်ယောက်ကိုတော့ တစ်ဆယ်နဲ့ပဲ ထားခဲ့ပါ့မယ်။ ဟိုမိန်းကလေးအတွက်ကိုတော့ နည်းနည်းဈေးပိုပေးပါ"

"ဘယ့်နှယ် ဘယ့်နှယ် မိန်းကလေးကို ဈေးပိုပေးရမလဲရှင့်၊ ယောက်ျား တစ်ဆယ်ဆို မိန်းကလေးကို ငါးကျပ်ပဲရမယ်"

မိန်းကလေးဟူသောစကားကို ကြားသည်နှင့် စောစောကပင် ဒေါသဖြစ်နေသော ဒေါ်သော်ဒလီက ကျွန်ပွဲစားမျက်နှာကို စေ့စေ့ကြည့်၍ ဝင်ပြောလိုက်၏။

ရုတ်တရက်မူ ကျွန်ပွဲစားက မျက်နှာတစ်ချက် ပျက်သွား၏။ ပြီးတော့ ပေါ်တူဂီစစ်သားဆီ လှည့်ကြည့်၍ ဒေါ်သော်ဒလီစကားကို ပြန်ပြောလိုက်သည်။ ပေါ်တူဂီကလည်း ပွဲစားကို ရှည်ရှည်ဝေးဝေး ပြောနေပြန်၏။

"သခင်ကပြောပါတယ်၊ ဒီလိုရုပ်ရည်မျိုးနဲ့ ငယ်ရွယ်သူတွေကို ဂိုအာမှာ သွားရောင်းရ ..."

"ဟဲ့ကောင် တော်တော့၊ သူတို့ရှေ့မှာ မင်းတို့ဂိုအာက မိန်းမပျက်တွေ အကြောင်း ငါတို့ကို လာမပြောပါနဲ့။ ငါသိတယ်။ ဂိုအာကို တစ်နှစ် လေးငါးခါငါလည်း ရောက်နေကျ။ ဂိုအာအကြောင်း နောက်ထပ် မပြောပါနဲ့။ မင်းလူကိုသာပြောလိုက်၊ ဒီသူငယ်မကို ငါတို့လည်း သနားလို့ ယောက်ျားဈေး တစ်ဆယ်ပေးလိုက်မယ်၊ ဒါပဲ"

သော်ဒလီကြီး ဦးမောင်မြတ်စံက သူ့မိန်းမနှင့် ရော်ကိန္နာတို့ရှေ့ ဂိုအာ

မြို့မှ ကျွန်မိန်းမ၊ ပြည့်တန်ဆာတို့ အကြောင်း ဆက်ပြောနေမှာစိုးသဖြင့် ဒေါ်သတကြီး အော်ပစ်လိုက်သည်။

ဦးမောင်မြတ်စံမှာ အရောင်းအဝယ်နှင့် တစ်နှစ်လျှင် ဂိုအာမြို့ကို သုံးလေး ခေါက် ရောက်နေကျဖြစ်သဖြင့် ဂိုအာမြို့က ကျွန်ပြည့်တန်ဆာ မိန်းမတွေ အကြောင်းသာမဟုတ် ကုန်သည်၊ ပွဲစားမှသည် ဘုရင်ခံအကြောင်းထိ သိထားသူ ဖြစ်လေသည်။

ပေါ်တူဂီတို့က သူတို့၏ ရွှေမြို့တော်ဟု ခေါ်ဆိုနေသော ဂိုအာ(Goa) ကို ခရစ်နှစ် ၁၅၀၀ ပြည့်နှစ်၌ အလီဘူကာကေး (Albuquergue) ဆိုသူက ဘုရင်ခံချုပ်အဖြစ် ပေါ်တူဂီက ရောက်ရှိလာခဲ့သည်။ ထိုအချိန်၌ ဂိုအာမြို့မှာ အိန္ဒိယပြည် အနောက်ဘက်ကမ်းခြေ၌ ကုန်မျိုးစုံ ရောင်းဝယ်ဖောက်ကားရာ ဈေးမြို့ကြီးဖြစ်သည်။ မြို့သူမြို့သားတို့မှာ အများအားဖြင့် ဟိန္ဒူ လူမျိုးများသာ ဖြစ်ကြသော်လည်း မဟာမေဒင်ဘာသာဝင် ဘုရင်တစ်ပါး အုပ်စိုးသော ဘီဇပူရ်ပြည်နယ်ထဲ၌ တည်ရှိလေသည်။

အိန္ဒိယပြည်ကြီးကို ၁၅၁၉ ခုနှစ်ခန့်ကစ၍ မဂိုဘုရင်များ တိုက်ခိုက်ကြသဖြင့် ဘီဇပူရ်မြို့မှာ ထိုအခါက မဂိုအင်ပါယာထဲ မရောက်သေးပေ။ ၁၅၉၅ခုနှစ် အက္ကဘာဘုရင် ထီးနန်းဆက်ခံပြီးမှသာ အိန္ဒိယတောင်ပိုင်း တိုင်းပြည်များကို မဂိုဘုရင်တို့ ဆက်လက် တိုက်ခိုက်သိမ်းပိုက် နိုင်ခဲ့ကြလေသည်။ ၁၅၁၀ မှ ၁၅၉၅ ခုနှစ်ထိ နှစ်ပေါင်းကိုးဆယ် နီးပါးခန့် ကာလအတွင်းတွင် ဂိုအာမြို့ရှိ ပေါ်တူဂီလူမျိုးများမှာ မိမိတို့အား ဘီဇပူရ် ဘုရင် ပြန်လည် တိုက်ခိုက်မည်ကို စိုးရိမ်ကြောင့်ကြ၍ နေခဲ့ကြရသဖြင့် မိမိတို့ခံတပ်ကိုလည်းကောင်း၊ အမြောက်၊ သေနတ်စသော လက်နက်ခဲယမ်းများကိုလည်းကောင်း အတောင့်တင်းဆုံးဖြစ်အောင် ကြိုးပမ်းစုဆောင်းကာ ရန်သူအင်အားကို ကြံ့ကြံ့ခံနိုင်ရန် အမြဲအသင့် ရှိနေခဲ့ကြလေသည်။

အက္ကဘာဘုရင် နန်းတက်လာ၍ အိန္ဒိယအင်ပါယာကြီးကို တည်ထောင်ချိန်တွင်မူ ပေါ်တူဂီတို့၏ အင်အားမှာ လွယ်လွယ်နှင့် ပင်လယ်ထဲသို့ လွင့်ထွက်သွားနိုင်လောက်အောင် အင်အားသေးငယ်သဖြင့် လိမ္မာရေးခြားရှိသော ဂျက်ဆူအစ်ခရစ်ယာန် ဘုန်းကြီးတစ်ပါးအား အာဏာကုန်လွှဲအပ်၍ မဂိုဘုရင် အက္ကဘာမင်းထံသို့ စေလွှတ်ပြီးလျှင် ဂိုအာမြို့ကို ဘေးမသီ ရန်မခစေရန် သွေးဆောင်ခဲ့ရသေးသည်။

အာရှတိုက်၌ ပေါ်တူဂီတို့ တန်ခိုးအာဏာ တဖြည်းဖြည်း ကျဆုံးလာခဲ့သည်မှာ မိမိတို့ မိခင်နိုင်ငံကို ဒပ်ချ်တို့ ဝင်ရောက်တိုက်ခိုက်ခံရသဖြင့် ဖြစ်သည်။ အလ်ကာဇာစစ်ပွဲ ပြီးဆုံးသည့်အခါ စပိန်ပြည့်ရှင် ဖိလစ်ဘုရင်သည် ၁၅၈၀ ပြည့်နှစ်၌ ပေါ်တူဂီပြည်သည် စပိန်လက်အောက်ခံ ဒိုမီနီယံတစ်ခုအနေနှင့် ၁၆၄၀ ပြည့်နှစ်အထိ တည်ရှိခဲ့ပေသည်။ နယ်သာလန် (ဒပ်ချ်နှင့်ဘယ်လ်ဂျီယံ) ပြည်သည်လည်း ဖိလစ်ဘုရင်ပိုင် အဆိုပါ ဒိုမီနီယံထဲ၌ပင် ရောက်ရှိနေခဲ့လေသည်။

ခရစ်နှစ် ၁၆၈၀ ကျော်လွန်သောအခါ ဒပ်ချ်တို့သည် စပိန်ဘုရင်၏ တန်းခိုးအာဏာကို တွန်းလှန် တိုက်ခိုက်လာကြတော့ရာ အာရှတိုက်ရှိ ပေါ်တူဂီများကိုပါ တစ်ဆက်တည်း တိုက်ခိုက်လာခဲ့ကြတော့သည်။

ယင်းသို့ စပိန်နှင့် ပေါ်တူဂီတို့ကို ဒပ်ချ်များ တိုက်ခိုက်နေချိန် ကာလတွင် ပေါ်တူဂီတို့၏ တန်ခိုးရောင်ရှိန်ကို လငပုပ်ဖမ်းတော့မည့်ဆဲဆဲ ဖြစ်နေသော်လည်း ဂိုအာမြို့မှာမူ မြူမှောင်မသန်းသေးဘဲ ရုံး၊ ကျောင်း၊ ဥယျာဉ်၊ ဈေးဆိုင်ကနား၊ ဘုရားရှိခိုးကျောင်း စသည်တို့ဖြင့် ဝေဝေဆာဆာ စည်ကားသိုက်မြိုက်လျက်ပင် ရှိသေးသဖြင့် အာရှတိုက်သို့ လာရောက်၍ တည်ထောင်ထားသော ဥရောပတိုက်သားတို့၏ မြို့များအနက် ဂိုအာမှာ အလှဆုံးနှင့် ပျော်စရာ အကောင်းဆုံး မြို့တော်တစ်ခု ဖြစ်နေသေးသည်။

ဂိုအာရှိ ပေါ်တူဂီစစ်သားတို့သည် အများအားဖြင့် ပေါ်တူဂီပြည်က စုဆောင်း ဖွဲ့စည်းလာခဲ့သော စစ်သားများသာ ဖြစ်ကြသည်။ အခွင့်အရေး ကောင်းသောကြောင့် စစ်တပ်သို့ အပျော်တမ်း ဝင်ရောက် အမှုထမ်းသူများ မှာ မနည်းလှပေ။ သို့ရာတွင် ကျယ်ပြန့်လှသော ပေါ်တူဂီအင်ပါယာကြီးကို အနှံ့အပြား စစ်သားလုံလောက်အောင် ပို့ဆောင်ပေးရန် လိုနေသလောက် ပေါ်တူဂီနိုင်ငံ၌ လူဦးရေ အလုံအလောက် မရှိပေရာကား အသက် (၁၀)နှစ် အရွယ် ကလေးငယ်များကိုပင် စစ်တပ်၌ လက်ခံ၍ စစ်သား လုပ်စေခဲ့၏။

ထိုမှတစ်ပါး ယင်းသို့သော နယ်ချဲ့တိုက်ပွဲများတွင် အသုံးပြုရန် ရည်ရွယ် ကာ ထောင်သား လူဆိုး လူမိုက်များကို အကျဉ်းထောင်ကလွှတ်၍ စစ်ထဲသို့ သိမ်းသွင်းခဲ့ကြရသဖြင့် ထိုပေါ်တူဂီ စစ်သားများမှာ လူဆိုးလူမိုက် လူပေလူတေများသာ ဖြစ်ကြလေသည်။ သို့ရာတွင် သူတို့သည် အိန္ဒိယမြေ ကို နင်းမိသည်နှင့် တစ်ပြိုင်နက် ဧရာမလူကြီးလူကောင်းကြီးတွေ ဖြစ်လာ ကြကုန်၏။

ဂိုအာမြို့ရှိ စစ်သားများမှာလည်း မော်ကြွားမောက်မာ နေကြသည်။ ယင်းသို့ နေနေကြသည်မှာလည်း သူတို့၌ အကြောင်းအမျိုးမျိုး ရှိကြ၏။ မိမိ တို့၏ အဓိကလုပ်ငန်းမှာ ပင်လယ်ထဲ၌ ကူးသန်းသွားလာ နေကြသော ကုန်သင်္ဘောများကို ဒပ်ချုပ်ကုန်သည် သင်္ဘောများ၏ ရန်နှင့် ပင်လယ်ဓားပြ တို့၏ အန္တရာယ်မှ ကာကွယ်ရန် တိုက်ခိုက်နေရသော အလုပ်ဖြစ်သည်။

သို့ရာတွင် မေလနှင့် အောက်တိုဘာလအတွင်း မုတ်သုံရာသီသို့ ရောက်လာသောအခါ ဂိုအာမြို့တွင် မှီခိုရင်း မိမိတို့ဘဝကို မိမိတို့ ရှာဖွေ ထိန်းကျောင်းကာ သာမန်အရပ်သားများကဲ့သို့ နေထိုင်ကြရသည်။ ၎င်းတို့ အဖို့ စစ်တန်းလျားဟူ၍ သီးခြားမရှိပေ။ သင့်တင့်သော အိမ်ဂေဟာများကို ငှားရမ်းပြီး နီးစပ်ရာ လူ(၁၀)ယောက်၊ (၁၂)ယောက် ပေါင်းစပ်၍ စုပြုံ

နေထိုင်ကြရသည်။ ကောင်းမွန်သော ဝတ်စုံလေးငါးစုံခန့် ဝယ်ယူထားပြီး လျှင် ၎င်းတို့တစ်အိမ်လုံးအတွက် ထမင်းချက်၊ စားပွဲထိုး စသော တောက်တိုမည်ရ ခိုင်းစရာ ကျေးကျွန်အနည်းငယ်ကို ငှားရမ်းလျက် ဘုံ ဝတ်၊ ဘုံစားဆိုသလို နေထိုင်ကြသည်။

အိမ်မှာနေသောအခါ အဝတ်အဆင် အဟောင်းအနွမ်း အစုတ်အပြဲတို့ကို ဝတ်ဆင်ပြီးလျှင် ဗျပ်စောင်း သီချင်းသီဆိုခြင်း၊ လမ်းသွားလမ်းလာများကို ကြည့်၍ အမျိုးမျိုး အတင်းအဖျင်း ပြောခြင်း၊ နောက်ပြောင်ခြင်း စသည်ဖြင့် ဗရုတ်ကျကျ နေနေကြသော်လည်း မြို့တွင်းသို့ အလည့်ကျ ထွက်၍ လည်ပတ်ကြသော အခါတွင်မူကား မိမိကိုယ်မိမိ လခတစ်သောင်းခန့် ရရှိ သော အရာရှိကြီးပုံ၊ သန်းကြွယ် သူဌေးသားပုံကို ဖမ်းကာ ကျကျနန ထည်ထည်ဝါဝါ ဝတ်ဆင်ပြီး ငှားထားသော ကျေးကျွန်ကို နောက်က ထီးတော်မိုးစေပြီး တခမ်းတနား ထွက်လေ့ရှိကြသည်။ ထိုအခါက ကျေးကျွန်တစ်ယောက်ကို ကြေးပြား (၂)ပြားပေးလျှင်ငှား၍ ရနိုင်ကြသဖြင့် ထိုလူဆိုးလူပေ စစ်သားများမှာ ဂိုအာမြို့၌ စတိုင်ထွားလျက် ရှိနေကြသည်။

သူတို့သည် လမ်းလျှောက်ထွက်သည့်အခါ ခြေလှမ်းကို ဖြည်းဖြည်းဆေးဆေး ညင်သာစွာလှမ်းလျက် ဂုဏ်သရေရှိ လူကြီးလူကောင်းများသဖွယ် ရင့်ကျက်သော ဣန္ဒြေ တစ်ခွဲသားနှင့် ခမ်းနား ကြီးကျယ်စွာ သွားလာတတ်ကြသည်။ မိမိတို့အချင်းချင်း ခရီးလမ်းမ၌ မတော်တဆ တွေ့ဆုံမိကြသောအခါ ခြေတစ်ဖက်ကို ရှေ့သို့လှမ်း၊ ခေါင်းက ဦးထုပ်ကို ညာလက်နှင့် ချွတ်ကိုင်၍ မြေမှုန့်ကို ယပ်ခပ်ပေးသည့်နှယ် ခါးကို ရှေ့သို့ကိုင်း၍ ဦးညွှတ်ကာ လူမြင်ကွင်းတွင် လက်ကို ဘယ်ညာဝှေ့ယမ်း လျက် တကယ့် လူကုံထံများ၏ ဟန်ပန်အမူအရာအတိုင်း နှုတ်ဆက်သမှု ပြု ကြလေသည်။ လူမြင်ကွင်းမှာဆိုလျှင် ရန်ဘက်ကိုပင်ဖြစ်စေ တွေ့ပါက ဟန်

တစ်လုံး ပန်တစ်လုံးနှင့် နှုတ်ဆက်တတ်ကြသည်။ သို့သော် စိတ်ထဲကမူ ရန်ငြိုးကို မျိုသိပ်လျက် တစ်ယောက်ကိုတစ်ယောက် ခပ်စောင်စောင်နှင့် လစ်လျှင် ဖြောင်ဖို့ရန်သာ အခါအခွင့်ကောင်းကို စောင့်နေတတ်ကြသည်။ တစ်ခါတစ်ရံ လူရှင်းသောနေရာ၌ တွေ့ကြလျှင်ကား မခံချည့်မခံသာ ရန်စပြီး အပေါင်းအသင်းတို့နှင့် စုရုံး၍ ရိုက်ပုတ်ထိုးကြိတ် သတ်ပုတ်ကြရုံမက နောက်ပါ ကျေးကျွန်တို့အား ရန်သူနောက်ကျောမှ နေစေ၍ ဓားနှင့် ထိုးခိုင်းတတ်ကြသည်။

ဂိုအာမြို့တွင် အစစအရာရာ ဈေးပေါပေါ ရနိုင်သော်လည်း ပေါ်တူဂီစစ်သားတို့အဖို့ ထိုမျှအသုံးစရိတ်ကိုပင် လုံလောက်အောင် အခကြေးငွေမရရှိကြ။ သို့ရာတွင် သူတို့၏ အခြားသော နည်းလမ်းများဖြင့် ဝင်ငွေကို ရှာဖွေရရှိနေကြသည်။ ခရစ်သက္ကရာဇ် ၁၆၀၀ ခုနှစ်လောက်တွင် ဂိုအာမြို့တော်၌ ဥရောပကပြား အမျိုးသမီးများ လွန်စွာပေါများခဲ့ကြသည်။ ပေါ်တူဂီလက်အောက် နှစ်ပေါင်း(၁၀၀)လောက်အတွင်း အစိုးရသည် ဥရောပတိုက်သားတို့အား အိန္ဒိယအမျိုးသမီး အစေခံတို့ကို သားမယားအဖြစ် ပေါင်းသင်းရန် အထူး အားပေးအားမြှောက် လုပ်ခဲ့ကြသည်။ သို့နှင့် ဥရောပတိုက်သားနှင့် အာရှအမျိုးသမီးတို့မှ မွေးဖွားလာသော (Eurasian) ယူရေးရှင်း ခေါ် ကပြားအမျိုးသမီးတို့သည် ဥရောပတိုက်သားစစ်စစ် မျက်နှာဖြူသားတို့ကို မက်မောကြသည်မှာ သဘာဝတရားအတိုင်း ဖြစ်လာတော့သည်။ ထို့ကြောင့် ပေါ်တူဂီလူမျိုး စစ်သားတို့မှာ ရောက်လာသမျှ မလောက်နိုင်အောင် စွံကုန်ကြတော့သည်။ သို့ဖြစ်၍ ပေါ်တူဂီစစ်သား အသစ်တစ်ယောက် ရောက်ရှိလာလျှင် ထိုကပြားမတို့မှာ နေထိုင်ရန်၊ ကျွေးမွေးပြုစုရန်၊ အဝတ်အစား ဝယ်ခြမ်းပေးရန်၊ အဝတ်အစားလျှော်ဖွပ်ပေးရန် စသည်တို့ကို လုပ်ပေးကြရုံမက ဈေးသုံးရန်အတွက် ငွေစကြေးစများကိုပင်

ပေးကမ်းနိုင်ရန် မြှူဆွယ်ကြသည်။ သည်လိုနှင့် တရားဝင်လက်ထပ်ခြင်းမျိုး မဟုတ်ဘဲ တွေ့ပြီးကြိုက်၊ ကြိုက်ပြီးညားဆိုသလို မိမိတို့အလိုအလျှောက် ပေါင်းသင်း နေထိုင်ကြသည်။ အစိုးရသည် တရားဝင် လက်ထပ်ခြင်းအဖြစ် အသိအမှတ် မပြုစေကာမူ မွေးဖွားလာသော ကလေးကိုမူ အမိဘက်ကအမွေ၊ အဖဘက်ကအမွေ နှစ်ရပ်လုံးကို ဆက်ခံခွင့်ပြုခြင်းဖြင့် သွယ်ဝိုက်၍ အားပေးခဲ့သည်။ ထို့ကြောင့်လည်း ကပြားမိန်းမများသည် ဥရောပစစ်သားဆိုလျှင် အသေရရ အရှင်ရရ ရသည့်နည်းဖြင့် မြှူဆွယ်ပေါင်းသင်း နေကြသည်။

အကယ်၍ စစ်သားတစ်ယောက်သည် ယခင်က မိမိနှင့်အတူနေသူငယ်ချင်းရဲဘော်များကို ခွဲခွာ၍ မိန်းမတစ်ယောက်အိမ်သို့ သွားလာပေါင်းသင်းနေထိုင်မည်ဆိုလျှင် အမှန်တကယ် သာယာသော အိမ်ထောင်ရေး အရသာကို မခံစားကြရရှာပေ။ အဘယ်ကြောင့်ဆိုမူ ထိုကပြား အမျိုးသမီးတို့သည် စိတ်ဆတ်၍ ဆန္ဒပြင်းပြကာ ထိန်းမနိုင် သိမ်းမရအောင် ဆူပူသောင်းကျန်း တတ်ကြသူများဖြစ်သည်။ သူတို့သည် မနာလိုဝန်တိုစိတ် ကြီးမားကြပြီး မိမိတို့ရရှိထားသော လင်ယောကျ်ားကို ရာသက်ပန် အပိုင်စီးထား လိုကြသည်။ သို့သော် ဂိုအာမြို့တွင် ယောကျ်ားထက် မိန်းမဦးရေက ပိုမိုများပြား နေသောကြောင့် ထိုယောကျ်ား၌ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။ အကယ်၍ ထိုသူသည် မိမိမယားကို ငြီးငွေ့လာသဖြင့် အခြားတစ်ယောက်ကို ပြောင်းလဲပေါင်းသင်းလျှင် သေရမည်မှာ မုချပင်။ အဘယ်ကြောင့်ဆိုသော် မယားဟောင်းက သူ့ကို တစ်နည်းနည်းနှင့် အဆိပ်ခတ်သတ်လေသည်။ အဆိပ်မှာ ချက်ချင်းသေသွားသော အဆိပ်မျိုးမဟုတ်။ တဖြည်းဖြည်း ဝေဒနာခံစားရပြီး ခြောက်လအကြာမှာ သေသွားတတ်သည်။

ပေါ်တူဂီစစ်သား တစ်ယောက်သည် ဒတ်ချ်တို့နှင့် တိုက်ခိုက်သော စစ်ပွဲ၌ အောင်ပွဲရသည်ဖြစ်စေ၊ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ဖြစ်စေ၊ တစ်ခုခု ဂုဏ်ထူးရှိ၍ ရုပ်ရည် သားသားနားနား ရှိပါက အထက်တန်းကျသော ဂုဏ် သရေရှိ အမျိုးသမီး တစ်ယောက်ယောက်နှင့် စုံတတ်သည်။ ယင်းသို့သော အထက်တန်းစား များထဲတွင်လည်း ဥရောပတိုက်သူ စစ်စစ်ရှိခဲလှသည်။ အများအားဖြင့် ကပြားအမျိုးသမီးတို့သာ ဖြစ်ကြသည်။ ယင်းသို့သော အမျိုးသမီးများသည် မည်သို့သော အလုပ်အကိုင်ကိုမျှ မည်မည်ရရ မလုပ် ကြဘဲ ပွင့်ရိုက်ဂါဝန်ဝတ်၊ ကတ္တီပါဖိနပ်စီး၍ အိမ်တွင်း၌ အပျင်းထူနေကြပြီး ကျေးကျွန်အစေခံများ ယူဆောင်လာသော ရပ်သတင်း၊ ရွာသတင်းများကို ကွမ်းစားရင်း၊ ဆေးလိပ်သောက်ရင်း၊ ချိုချဉ်ဝါးရင်း နားထောင်ကြပြီး အတင်းအဖျင်း ပြောခြင်းဖြင့်သာ အချိန်ကုန်နေတတ်ကြသည်။

သူ့ရဲကောင်းတစ်ယောက်ကို အိမ်တွင်းသို့အရောက် သွေးဆောင် ပေါင်းသင်းနိုင်ဖို့ ဆိုသည်မှာ အလွန်အရဲစွန့်ရသော အလုပ်တော့ဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးသမီးတို့သည် (Datura) ဓာတူရာ ခေါ် မေ့ဆေးတစ်မျိုး ကို အသုံးပြုလေ့ရှိကြသည်။ ထိုမေ့ဆေးမှာ ဆေးခြောက်ကိုကင်းများနှင့် ဆင်ဆင်တူ၍ ဥရောပတိုက်တွင် (Strmonium)ဟုခေါ်သည်။ ၎င်းကို ခပ် များများစားလျှင် အဆိပ်ဖြစ်တတ်သည်။ သို့သော် အနည်းငယ်မျှသာ အသုံးပြုပါက သတိချွတ်ယွင်းပြီး ဘာလုပ်၍ ဘာဖြစ်မှန်း မသိအောင် ခ တ္တခဏ ရူးသွပ်သလို ဖြစ်နေတတ်သည်။

လင်ရှိမယားအချို့သည် မိမိထံသို့ လာရောက်သော စစ်သားတစ်ယောက် နှင့် ပျော်ပါးလိုသောအခါ မိမိယောက်ျားအား ဓာတူရာအနည်းငယ်ကို အစာ နှင့်ရော၍ ကျွေးတတ်ကြသည်။ ထိုအခါ လင်ယောက်ျားမှာ အိပ်၍မပျော်ဘဲ လူစိတ်ပျောက်ကာ ပြောချင်ရာပြော၊ ဆိုချင်ရာဆို မူးယစ်နေတော့၏။ မိမိ

ရှေ့မှောက်တွင် မိမိမယား လင်ငယ်နှင့် ပျော်ပါးနေသည်ကိုပင် ဘာမှသတိမရ မသိဘဲ မူးယစ်နေတော့၏။ ဓာတူရာကို လက်ဖက်ရည်၊ ကော်ဖီ၌ ရောနှောတိုက်လျှင် သောက်မိပြီး တစ်နာရီအတွင်း ကြို့ထိုးလာပြီး မူးယစ်လာ၏။ ထိုအခါ သီချင်းဟစ်ဆိုခြင်း၊ ကျယ်လောင်စွာ တစ်ဦးတည်း ရယ်မောနေခြင်း၊ တောင်စဉ်ရေမရ ပြောဆိုခြင်း စသည်ဖြင့် အမူးကြီး မူးနေလေတော့၏။ အမှားအမှန်ကို ခွဲခြားသိတတ်သော အသိဉာဏ်များ လုံးဝပျောက်ကွယ်သွား၏။ ထိုအခါ မယားဖြစ်သူသည် အသိဉာဏ်ပျောက်ကွယ်ကာ ဘာမှန်းမသိ ဖြစ်နေသော မိမိလင်ယောကျ်ား၏ ရှေ့မှောက်မှာပင် မိမိ ချိန်းဆိုထားသော လင်ငယ်နှင့် အချိန်အပြည့်အဝ ကျေနပ်သည်အထိ ပျော်ပါးနေလေသည်။

ထို့ကြောင့်လည်း အရှေ့တိုင်းရောက် ပေါ်တူဂီ ယောကျ်ားတို့သည် သူတို့ဘုရင်က ပေးအပ်လိုက်သော တာဝန်ဝတ္တရားများကို မေ့ပျောက်ကာ ဘဝသစ်ပြောင်းပြီး နဂိုစိတ်ဓာတ် ပျောက်ကာ ဂိုအာမြို့၌ မိန်းမ၊ ယောကျ်ားတို့၏ ကိလေသာများနှင့် ဇိမ်ယစ်နေကြ လေသည်။ သူတို့သည် မိမိတိုင်းပြည်၌ ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ အသက်မွေးခဲ့ ကြရသည်ကိုမေ့ကာ ဂိုအာမြို့၌ တကယ့်လူကုံထံများပမာ ကျေးကျွန်တစ်လှေကြီးနှင့် နတ်ပြည်ကို အရှင်လတ်လတ် ရောက်လာရသလို ခံစားစံစား နေကြလေသည်။

ဂိုအာမြို့တွင် များစွာသော ကျေးကျွန်တို့မှာ အိမ်တွင်းမှုအလုပ် ကျေးကျွန်များသာ ရှိကြသည်။ သူတို့၏ဆက်ဆံပုံမှာ အိန္ဒိယလူမျိုး လူကုံထံတို့၏အိမ်မှ ကျေးကျွန်များကို ဆက်ဆံပုံထက် ပို၍မဆိုးဝါးချေ။ တစ်ခါတစ်ရံ မိမိ၏အရှင်သခင်အပေါ် အခွင့်အရေးပင် ယူနိုင်သေးသည်။ ဤသည်မှာလည်း ထိုအစေခံကျွန်များမှာ သူ၏သခင်ကြီး၊ သခင်လေးတို့နှင့် အတူအိပ်

နေကျ ဆက်ဆံနေကျဖြစ်သဖြင့် အခွင့်အရေး ရနေကြခြင်းသာ။

ဂိုအာမြို့၏ ဘုရင်ခံအိမ်အနီးရှိ သင်္ဘောဆိပ်မှ တောင်ဘက်ကိုသွားသော် ရူအာဒိရီတာ (Rua Direita) လမ်းကျယ်ကြီးကို ရောက်သည်။ ထိုမှ နှစ်ဖာလုံခန့် လျှောက်သွားလျှင် "တာရီယိုဒီဆာဘာအို" အမည်ရှိ ပန်းခြံတစ်ခုကိုရောက်သည်။ ထိုပန်းခြံအလယ်၌ ဘုရား ရှိခိုးကျောင်း တစ်ကျောင်း၊ အထက်လွှတ်တော်ရုံး တစ်ရုံးနှင့် အချုပ်ထောင် တစ်ခုရှိသည်။ ထိုနေရာ၌ ကျွန်များကို အရောင်းအဝယ် ပြုလုပ်ရာဌာန ကျွန်စျေးကြီးရှိသည်။

ကျွန်များသည် ထိုနေရာတွင် ဝယ်လိုသူကို မတ်တတ်ရပ်၍ စောင့်ဆိုင်းငေးမျှော်နေကြ ရသည်။ ဝယ်သူကြိုက်သလို စမ်းသပ်ရွေးချယ်ရန် အသင့်ရှိနေကြရသည်။ ဝယ်လိုသူများမှာ မိမိဝယ်ယူမည့် ကျွန်၏ခန္ဓာကိုယ်တောင့်တင်းသန်မာမှု ရှိ၊ မရှိ သိနိုင်ရန် အသားအရေကို ကိုင်တွယ်ဖျစ်ညှစ်ကြည့်ကြ၏။ ကျွန်မများကို အချက်အပြုတ်၊ အချုပ်အလုပ်၊ အလျှော်အဖွပ်စသည်တို့ကို တတ်၊မတတ်၊ ကျွမ်း၊မကျွမ်း စမ်းသပ်လုပ်ကိုင်စေသည်။ ထို့နောက် ရောင်းစျေးဝယ်စျေးကို မေးမြန်းပြောဆိုကာ စျေးဆစ်ပြီး ဝယ်ယူကြသည်။

ရောင်းကုန်ဖြစ်သော ကျေးကျွန်များထဲတွင် ရုပ်ရည်ချောမော လှပသော မိန်းကလေး၊ မိန်းမပျိုများလည်း ပါတတ်ကြသည်။ အချက်အပြုတ်၊ အချုပ်အလုပ်တို့သာမက မုန့်ပဲသရေစာ စသည်တို့ကို လုပ်ကိုင်တတ်သူများလည်း ပါလာတတ်သည်။ ယင်းသို့ ရုပ်ရည်ချောသူများနှင့် လက်မှုအတတ်ပညာ တတ်မြောက်သူများကိုပင်လျှင် ဂိုအာမြို့၌ စျေးပေါပေါနှင့် ဝယ်ယူနိုင်ကြသည်။ အများဆုံး ပေးရတတ်သော စျေးနှုန်းမှာ ကျွန်မတစ်ယောက်လျှင် သျှီလင်သုံးဆယ်၊ မြန်မာငွေ ရခိုင်ဒင်္ဂါးနှင့် နှစ်ဆယ်ကျပ်ခန့်သာ တန်ဖိုးရှိလေသည်။

ယင်းကျေးကျွန်တို့ကား အိမ်တွင်းမှုကိစ္စ အဝဝကို လုပ်ကိုင်ပေးကြရုံသာမက မိမိသခင်၏ စီးပွားရေးကိုလည်း ကူညီလုပ်ကိုင်ပေးကြရသည်။ ၎င်းတို့အား ရောင်းရေးဝယ်တာ၌ ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးပြီး ခြံဥယျာဉ်ထဲကထွက်သော ဟင်းသီးဟင်းရွက်တို့ကို ရောင်းချစေခြင်း၊ ရက်ကန်းရက်ခြင်း၊ ဆေးဆိုးခြင်း၊ အဝတ်အထည် ချုပ်လုပ်ခြင်း စသည်တို့ကိုလည်း သင်ကြားလုပ်ကိုင်စေ၍ ထိုလုပ်ငန်းမှထွက်သည့် ကုန်ချောများကို ရောင်း၍ရရှိသောငွေဖြင့် မိမိသခင်တို့၏ စီးပွားရေးကို ဖြည့်စွမ်းပေးကြရသည်။

ပေါ်တူဂီအိမ်ရှင်တို့သည် မိမိအိမ်ရှိ ကျွန်မများကို ခြေတော်တင် အပျော်မယားအဖြစ် အသုံးပြုကြ၏။ အာဖရိကတိုက်က ဝယ်ယူခဲ့ကြသော ဆံပင်လိမ်လိမ် အသားမည်းမည်း နီဂရိုးကျွန်မများမှာ ထိုအလုပ်မျိုးအတွက် သူတို့အကြိုက်ဆုံး ဖြစ်သည်။ အိမ်ရှင်မတို့အဖို့ ဆိုလျှင်လည်း ထိုကျွန်မမျိုးများကို ပြည်တန်ဆာ အလုပ်လုပ်ခိုင်းကာ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် လုပ်တတ်ကြသေး၏။ ထို့ကြောင့် ပေါ်တူဂီလူမျိုးများနှင့် အခြားကပြားတို့သည် အိန္ဒိယတိုင်းရင်းသား ပိုင်နက်နယ်ပယ်ထဲကိုသွား၍ မိန်းကလေးများကို ခိုးယူလာပြီး ပြည်တန်ဆာ ခေါင်းတို့ထံသို့လည်းကောင်း၊ ကျွန်ပိုင်ရှင်များထံသို့ လည်းကောင်း စျေးကောင်းကောင်းနှင့် ရောင်းချကြသည်။ ဤနည်းအားဖြင့် ဂိုအာမြို့တွင်း၌ ကျေးကျွန်လူတန်းစားတို့မှာ လူဦးရေအများဆုံး ဖြစ်နေလေတော့သည်။ ပေါ်တူဂီများနည်းတူ အခြားဥရောပတိုက်သား လူကုံထံများမှာလည်း ဂိုအာမြို့သို့ ရောက်လာလျှင် အရှင်လတ်လတ် နတ်ပြည်သို့ ရောက်နေရသကဲ့သို့ လိုရာခဏ ပြည့်စုံကြသဖြင့် ဂိုအာမြို့ကို (Golden Goa) ဂိုအာရွှေမြို့တော်ဟု ခေါ်ဆိုကြလေသည်။

ဤသို့သော အခြေအနေများကို သိရှိထားသော ရခိုင်သော်ဒလီကြီး ဦးမောင်မြတ်စံသည် ယခု ကျွန်လာရောင်းနေကြသော ကျွန်ကုန်သည် နှစ်ယောက်အား ...

"မင်းတို့ ပေါင်ချင်ပေါင်၊ မပေါင်ချင်လည်း ပြန်ကြတော့"ဟု အပြတ် ပြောရဲခြင်းဖြစ်သည်။

ထိုအခါ ကျွန်ကုန်သည် နှစ်ဦးမှာလည်း ကျွန်ယောကျ်ားနှစ်ယောက်၊ ကျွန်မိန်းမ တစ်ယောက်တို့အား တစ်ယောက်တစ်ဆယ်နှုန်းနှင့် ရခိုင်သော်ဒလီကြီးဆီတွင် အပေါင် ထားခဲ့ကြသည်။ ပေါင်ထားခဲ့သည်ဟုသာ ဆိုသော်လည်း သုံးနှစ်ပြည့်သောအခါ ထိုကျွန်တို့အား လာရွေးရန်ဆိုသည်မှာ သူတို့အတွက် အိပ်မက်မျှသာ။ သူတို့မှာ နေ့မြင်ညပျောက် ဆိုသလို သုံးနှစ်ကာလဆိုသော အတိုင်းအတာသည် သူတို့အတွက်မှာ မရေရာဆုံး အာမခံချက်ပင် ဖြစ်သည်။ သူတို့သည် ဒပ်ချ်တို့နှင့် တိုက်ခိုက်ရသော နယ်လုတိုက်ပွဲ၌လည်းကောင်း၊ ကျွန်ဖမ်းရာ၌ လည်းကောင်း၊ အချင်းချင်း အငြိုးအတေး ရန်ကြောင့်လည်းကောင်း သူတို့၏ အသက်ခန္ဓာသည် တစ်နေရာရာ၌ သေဆုံးသွားနိုင်သည်။

ဤသည်ကိုသိ၍ ယခုကျွန်များကို ရသည့်ဈေးနှင့် ပေါင်ထားခဲ့ကြရသလို ကျွန်ပေါင်ခံ သူကလည်း ဤသည်ကို အတပ်သိထားသဖြင့် အပိုင်တစ်သက်လုံး ကျွန်အဖြစ် ဝယ်မည့်အစား တမင်ဈေးနှိမ်၍ အပေါင်ခံလိုက်ခြင်းသာ ဖြစ်လေသည်။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ တစ်ယောက်ယောက်ကို တစ်သက်လုံး ဝယ်ယူကျွန်ပြုထားရန် ဒေသဥပဒေကလည်း ခွင့်မပြုခဲ့ပေ။

ကျွန်များအနေကမူ ဤသို့နှင့်ပင် သူတို့ဘဝအတွက် တစ်မိုးချုပ်သွားလေသည်။ အကယ်၍ သုံးနှစ်စေ့သော်လည်း ပေါ်တူဂီများ လာမရွေးကြလျှင် ရခိုင်သော်ဒလီများထံ၌ လယ်ကျွန်၊ ယာကျွန်အဖြစ် တစ်နှစ်နေကြရဦး

မည်။ ထို့နောက် သုံးနှစ်စေ့၍ ပိုင်ရှင်က လာမရွေးလျှင် နောက်တစ်နှစ် အပေါင်ခံထားသူအား အခကြေးငွေမယူဘဲ လုပ်ကိုင်ပေးကြရသည်။

ထိုသို့လုပ်ကိုင်ပေး၍ တစ်နှစ်စေ့သော်လည်း ကျွန်ပိုင်ရှင်က လာမရွေးလျှင် သို့မဟုတ် ဆက်၍ ထိုကျွန်များကို လာမပေါင်နှံတော့လျှင် လက်ရှိ အပေါင်ခံထားသူသည် ထိုကျွန်များကို အခကြေးငွေပေး၍ ကျွန်အဖြစ်မှ အဆင့်လျှော့ကာ လယ်ကူလီ၊ ယာကူလီအဖြစ် ခိုင်းစေထားရမည်။ ဤသည်မှာ ဒေသဥပဒေဖြစ်သည်။

နောက်ကာလကြာလေသော် ထိုကျေးကျွန်များကို ရပ်ရွာတည်ထောင်ပေး၍ အိမ်ခြေတစ်ရာ ပြည့်သည်နှင့် ပြုစုကောင်း (သူကြီး)အဖြစ် ဘုရင်ခံ ထံဝင်၍ သူပြုစုထားသော ကျေးရွာတစ်ရွာ သို့မဟုတ် နှစ်ရွာ၊ သုံးရွာ ရှိနေပြီဖြစ်ကြောင်း သံတော်ဦး သွားတင်ရမည်။ ထိုအခါ ထိုပြုစုကောင်း (သူကြီး)ကို ရွာစားအဖြစ် ဘုရင်က ခန့်အပ်ပေမည်။ ထိုကျေးရွာများမှ ရရှိသော ဆယ်ပုံတစ်ပုံအခွန်ကို ဘုရင်အားဆက်သ၍ တစ်ပုံကို ပြုစုကောင်း ရွာစားက ရယူနိုင်သည်။ ထိုလယ်ကျွန်၊ လယ်ကူလီများက ရှစ်ပုံသော ပိုင်ဆိုင်မှုကို ရရှိခံစား နိုင်ကြလေသည်။

ဤသည်တို့ကြောင့်လည်း ဟူဂလီမြစ်ဝကျွန်းပေါ်ရှိ ကျေးတော်မျိုး ကျွန်တော်မျိုး ကျေးကျွန်များ၊ ရွာကြီးရွာငယ်များသည် သော်ဒလီများ လက်အောက်၌ ယခင်က အမြောက်အမြား ရှိနေကြပေသည်။

***

အခန်း(၃)

"မောင်ရို့ မောင်ရို့"

"လေးလေး ... လေးလေး"

"ဘုရင်မင်းမြတ် ငါရို့ အရှင်" (တို့ = ရို့)

"အားလုံးကပင် ဦးတင်ပါယင့်" (ယင့် = ရဲ့)

"ဘုရင်မင်းကြီး သက်တော်ရှည်"

"ငါရို့ တိုင်းပြည် အေးချမ်းစေသား"

"ငါရို့ တိုင်းပြည် အေးချမ်းစေသား"

မြောက်ဦးဘုရင် သိရိသုဓမ္မရာဇာအား ကန်တော့ကြပြီးသည်နှင့် သူတို့ မြောက်ဦးမြို့ကို သံချပ်ထိုး၍ ချီးပ ဂုဏ်ဖော်ကြသည်။

"မင်းဗာတည် ရွှေမြောက်ဦးမှာ"

"ဒိုင်းဂျီရှိယင့် ရီ(ရေ)ရှိယင့်" (ရီ = ရေ)

"ဒိုင်းဂျီရှိယင့် ရီ(ရေ)ရှိယင့်" (ရီ = ရေ)

"မင်းဗာတည် ရွှေမြောက်ဦးမှာ"

"ဗားဘူရှိယင့် ဆန်ရှိယင့်"

"ဗားဘူရှိယင့် ဆန်ရှိယင့်"

"မင်းဗာတည် ရွှေမြောက်ဦးမှာ"

"ဒင်္ဂါးရှိယင့် ရွှေရှိယင့်"

"ဒင်္ဂါးရှိယင့် ရွှေရှိယင့်"

သင်္ကြန်ကာလဖြစ်သည်။ နန်းတွင်းနန်းပြင်ရှိ ရေလောင်းမဏ္ဍပ်များဆီက လျှံထွက်သင်္ကြန် သံချပ်ထိုးနေကြသံ မျိုးစုံတို့သည် မြောက်ဦးရွှေမြို့တော် တစ်ခုလုံးကို ဖုံးလွှမ်းနေသည်။ သံချပ်ထိုးသံများနှင့်အတူ ရခိုင်တို့၏ အဓိကတူရိယာဖြစ်သော စည်သံတို့မှာလည်း တစ်မြို့လုံးကို ဟိန်းနေလေသည်။

မင်းဗာတည်ခဲ့သော မြောက်ဦးမြို့တွင် ဒိုင်းဂျီခေါ် စပါးလှောင်ရုံ (ဂိုဒေါင်) အမြောက်အမြားရှိကြောင်း၊ ဗားဘူခေါ် ဆန်လှောင်ရုံများ အမြောက်အမြားရှိကြောင်း၊ ငွေဒင်္ဂါးရှိကြောင်း၊ ရွှေရှိကြောင်း၊ မည်သည့်ဘေးအန္တရာယ်မှ မကျရောက်နိုင်ကြောင်း၊ မည်သည့်မင်း လာတိုက်တိုက် မြောက်ဦးရွှေမြို့တော်ကို မသိမ်းပိုက်နိုင်ကြောင်း၊ မရနိုင်ကြောင်း စသည်တို့ကို ကာလသားများက ဂုဏ်ဖော်ပချီးကာ သံချပ်ထိုး ပြိုင်နေကြသည်။

(ယခုတိုင် စပါးကျီရှိရာအရပ်ကို ဒိုင်းဂျီရပ်၊ ဆန်လှောင်ရုံများ ရှိသောအရပ်ကို ဗားဘူရပ်ဟု ခေါ်နေကြတုန်းပင်)

ထိုကဲ့သို့ တူရိယာပစ္စည်းများနှင့် ကခုန်သီဆို၍ သူတို့၏မြို့ကို ဂုဏ်ဖော်ချီးပ,ကြပြီးနောက် သူတို့အရပ်၊ သူတို့ရွာကို သံချပ်ထိုး၍ ဂုဏ်ဖော်ကြပြန်သည်။ ထိုသို့ အပြီးတွင်လည်း သူတို့ရွာသူများသည် မြောက်ဦးတစ်မြို့လုံးတွင် အချောဆုံး၊ အလှဆုံး ဖြစ်ကြကြောင်း ဂုဏ်ဖော်သံချပ် ထိုးကြပြန်သည်။

ရပ်ကွက်ရှိ မိန်းကလေးအပျိုများကို စုပေါင်းဂုဏ်ဖော်ပြီး ကြသောအခါ ပြုစုကောင်း (သူကြီး)သမီး၊ အစုအုပ်(ဆယ်အိမ်မှူး)သမီး စသည်တို့မှာ မည်မျှပင် အရပ်ဆိုး အကျည်းတန်ဖြစ်ဖြစ် ချောကြောင်း၊ လှကြောင်း သံချပ်ထိုး၍ စကြ နောက်ကြပြန်သည်။

"ဗားဘူသမီး အလှမေ"

"နတ်ပြည်ကနေ ဆင်းလာသလား"

"ဝါး ... ဟား ... ဟား"

"ဟီးဟီး ... ဟဲဟဲ"

အကျည်းတန် အရုပ်ဆိုးသော ဗားဘူရုပ်သူကြီး သမီးကို "နတ်ပြည်ကနေ ဆင်းလာသလား" ဟု သံချပ်ထိုး စလိုက်ကြရာ လူကြီး၊ လူငယ်၊ ကလေးသူငယ်များကပင် တဝါးဝါး တဟားဟားရယ်၍ ပွဲကျသွားကြပြန်သည်။ ဗားဘူရွာသူကြီး သမီးခမျာလည်း မျက်နှာမထားတတ်အောင်ဖြစ်ကာ အော်ဟစ်၍ နောက်ဘက်သို့ မျက်နှာလှည့်နေရ၏။

အမှန်က သင်္ကြန်ကာလတွင် ဤသို့ ကာလသားများက စထားကြသော အကြောင်းမှာ မည်မျှ အရုပ်ဆိုးဆိုး သူ့ကိုကြိုက်သူ၊ သူ့အိုးနှင့်သူ့ဆန် တန်သူတစ်ယောက်ယောက်တော့ ကာလသား ထဲတွင် ပါစမြဲဖြစ်သည်။ သင်္ကြန်ကာလတွင် ထိုသို့စထားခြင်းက ထိုမိန်းမပျိုကို ကြိုက်နှစ်သက်သူတွေက ရည်းစားစကား ပြောရန် လွယ်ကူသွားသည်။ သူ့ကို မည်သူက အရုပ်ဆိုးအကျည်းတန်သည်ဟု ပြောပြော သူကမူ သင်္ကြန်ကာလတုန်းက သူတို့သံချပ်ထိုးခဲ့ကြသလို သူ့မျက်စိထဲမှာ နတ်သမီးတမျှ လှပသည်ဟု မြင်ပါကြောင်း ထိုမိန်းမပျိုနှင့် တွေ့ကြသောအခါ ပြောရန်ပင်ဖြစ်သည်။ ထိုမိန်းကလေး လှ၊ မလှကို သူ့မျက်စိထဲ မည်သူမျှ ဝင်ကြည့်နိုင်မည်မဟုတ်။ "ကိုယ်ထင် ခုတင်ရွှေနန်း" ဟူသောစကားနှင့် ထိုမိန်မပျိုလေးကို တွေ့ရာကြုံရာ၌ ရည်းစားစကား ပြောရုံသာ။

ဤသို့နှင့် မြောက်ဦး ကာလသားတို့၏ စသံ နောက်သံတွေက အပြီးသို့ မရောက်နိုင်ကြသေး။ သူတို့အရုပ်တွင် တစ်စုံတစ်ယောက်က တစ်စုံတစ်ခု ပြုလုပ်ရာ၌ လူပြောစမှတ်ဖြစ်အောင် မှားယွင်းသွားပါက ထိုပုဂ္ဂိုလ်သည်

သင်္ကြန်ရေလောင်းမဏ္ဍပ်ရှိ ကာလသားများဆီ ယောင်လို့မျှ သွားမကြည့်လေနှင့်။ ရေလောင်းမဏ္ဍပ်ကို သွားကြည့်မိ၍ သူ့ကို ကာလသား တစ်ယောက်ယောက်က မြင်သွားသည်နှင့် ငယ်ကျိုးငယ်နာ ဖော်ကာ သံချပ်ထိုးခံရတော့သည်။

"လောင်းတကက်ခွတ်(ခုတ်)ရေ ဦးပန်းသာ" (ခွတ် = ခုတ်)

"နောက်ဆုံးမှာ ယောက်မ ... ယောက်မ"

သူတို့အရပ်က ဦးပန်းသာဆိုသူသည် ခုတ်တုန်းက လေှ(လောင်း) တက် ခုတ်ရာ မခုတ်တတ်သဖြင့် နောက်ဆုံးမှာ ထမင်းမွှေယောက်မ ဖြစ်သွား ကြောင်း တမင်စ၍ သံချပ်ထိုးကြပြန်သည်။ လူပျို ကာလသားတို့၏ ရေပက် ခံမဏ္ဍပ်နား သွားကြည့်မိသော ဦးပန်းသာ ခမျာမှာ တစ်ချိုးတည်း အိမ်ပြန် ပြေးရတော့၏။

သင်္ကြန်ကာလမှာ ကာလသာများကား မည်သူ့ကိုမဆို ပြောနိုင်၊ နောက် နိုင်သော အခွင့်အရေးမှာ လူပျိုကာလသားတို့၏ လွတ်လပ်ရေးရသော မဟာတာဝန် အခွင့်အရေးကြီးပင်။ ထို့ကြောင့်လည်း မတရားလုပ်ထားသူ၊ မမှန်မကန် လုပ်ထား၍ ရပ်ကွက်ထဲတွင် သတင်းပြေးနေသူ၊ သူများ သားမယားကို ကြာကူလီလုပ်ထားသူ၊ လက်မထပ်ခင်ကပင် ကိုယ်ဝန်ရှိနေ သူ စသည်တို့မှာ အနည်းဆုံး ရိပ်စောင်း၍တော့ ဖော်ကြဖွင့်ကြ ရင်ဖွင့်ခံကြ ရသည်မှာ မုချပင်။

ငယ်ငယ်ကပင် ဦးနောက်ကျပ်မပြည့်သော ကောင်လေးကို "ဒီကောင် ကြီးလာရင် မင်းဖြစ်နိုင်တယ်" စသည်ဖြင့် နောက်ပြောင် မြှောက်ပင့် အပြောခံရသူက လူပျိုအရွယ် ရောက်လာသော်လည်း ခပ်ပေါပေါ ဖြစ်နေ လျှင် မိန်းကလေးတွေက သူ့ကို တမင်စပြီး -

"လှမောင်လာ မင်းလာကဲ့သို့"

"ဒိုင်းဂျီပြင်မှာ ထမီဆိုးကို"

"ထီးမိုးလို့"

"ထီးမိုးလို့ ..."

ဟု ခပ်ပေါပေါ ဖြစ်နေသူ လှမောင်ကို မိန်းကလေး၊ မိန်းမပျိုများက သူ လာသည်မှာ မင်းလာသကဲ့သို့ ဟု ပထမ ချီးပလိုက်စဉ်တွင် အလွန် သဘောကျ နေသော်လည်း နောက်ဆုံးတွင် ထမီစုတ်ကိုထီးလုပ်ပြီး မိုးလာ သည်ဟု ဆိုလိုက်ကြသောအခါ လှမောင်မှာလည်း လူအုပ်ထဲက ထွက်ပြေး ရပြန်သည်။

ထိုသို့ သံချပ်ထိုး၍ ဂုဏ်ဖော်ကြ၊ နောက်ကြ စကြပြီးလျှင် ရေအပြည့်ဖြည့် ထားသော လောင်း(လှေ)၏ တစ်ဖက်တစ်ချက်စီတွင် မိန်းကလေးတစ်ဖက်၊ ယောကျ်ားလေးတစ်ဖက် မျက်နှာချင်းဆိုင် တန်းစီကာ အပျို၊ လူပျိုတို့ ရေလောင်းကစားကြသည်။ ထိုသို့ ရေလောင်းကစား ကြရာ၌လည်း အပျို၊ လူပျိုတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် စကြ နောက်ကြ၊ ချစ်ရေး ဆိုကြ၊ ပြောင်ကြ၊ လှောင်ကြ၊ သရော်ကြပြန်သည်။

ဤသို့နှင့် သင်္ကြန်ကာလ မြောက်ဦးတစ်မြို့လုံးမှာ သံချပ်ထိုးသံတွေ၊ တူရိယာစည်သံတွေနှင့် သောသောညံနေသည်။

မြောက်ဦးမြို့တော်ကြီး တစ်ခုလုံး သံချပ်သံတွေနှင့် ထိုသို့ သောသောညံ နေချိန်တွင် မောက်တော်ဘက်က မိန်းမပျိုတစ်အုပ်သည် မကျေမနပ် ပြောဆို၍ အိမ်ပြန်လာကြသည်။ ဤသည်ကို လှမ်းမြင်သော အမျိုးသမီး အိမ်ထောင်သည် တစ်ယောက်က -

"ဟေ့ - ယောက်မရို့(တို့)၊ အစောကြီး အိမ်ပြန်လာကြပါလား။ အပျိုချော မ ပါတဲ့ မဏ္ဍပ်မှာ လူမစည်လို့လား။ မနက်ဖြန် ယောက်မကြီး လိုက်ခဲ့ပါရစေ"

ဟု အိမ်ပေါ်က လှမ်းနောက်၍ မေး၏။

"လူမစည်လို့ မဟုတ်ဘူး ယောက်မကြီး၊ လူစည်လွန်းလို့ ပြဿနာဖြစ်ပြီး ပြန်လာကြရတာ။ အကျွန်ုရို့မှာ ရေတောင်ဝအောင် မလောင်းခဲ့ကြရဘူး"

"ဟဲ့ - လူစည်ရင် ပိုတောင် ပျော်စရာကောင်းတာ။ ဘာပြဿနာဖြစ်လို့ ရေဝအောင် မလောင်းခဲ့ကြရတာလဲ"

"ဟို – နမျောက်မကြောင့် ရန်ဖြစ်ကြမှာ စိုးလို့တဲ့လေ၊ လူကြီးတွေက ပွဲရပ်ပစ်လိုက်ကြတယ် ယောက်မကြီး"

'နမျောက်မ' ဆိုသည်မှာ သူတို့ဒေသစကားနှင့် ပြိုင်ကျနေသော နွားမနှင့် တင်စား၍ ချိုးချိုးနှိမ်နှိမ် ပြောလိုက်ခြင်းဖြစ်သည်။

"ဟယ် - ဘယ်က နမျောက်မတုံးဟ၊ ဘယ်လိုဖြစ်လို့လဲ"

"ဘယ်က နမျောက်မရမလဲ၊ တင်းဝါးစားရပ်က ဝါစိုးဖြူ နမျောက်မရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ရေလောင်းဖို့ ကာလနာတွေ နေရာလုကြရင်းက ရန်ဖြစ်ကြတာ ယောက်မကြီး"

"ဟယ် ... ဒီကောင်မလေးပါတဲ့ပွဲဆို အမြဲ ရုတ်ရုတ်သဲသဲ"

"ဟော့ကောင်မလေးတွေ - ပြောနေကြ အ,မနာပ၊ ဟိုမှာ .... ဟိုမှာ"

အပျိုမလေးတွေ ဆူညံပူညံ ပြောနေကြသံကို ကြားနေရသဖြင့် အိမ်ရှေ့ထွက်ကြည့်သော မိန်းမကြီး တစ်ယောက်က တင်းဝါးစားအမတ်ကြီး နန်းရာကုန်းဘက်က ဆင်းလာနေသည်ကို လှမ်းမြင်လိုက်ရသဖြင့် အော်ဟန့်လိုက်သည်။

ထိုအခါမှ မောက်တော်သူ အပျိုတစ်သိုက်မှာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကိုယ့်အိမ်ကို အလျှိုလျှို ဝင်ပြေးသွားကြသည်။

တင်းဝါးစား အမတ်ကြီးသမီး ဝါစိုးဖြူ၊ ခေါ် ဝါလှဖြူမှာ မြောက်ဦးတစ်မြို့လုံးရှိ အပျိုများထဲတွင် အချောဆုံး၊ အလှဆုံး၊ အယဉ်ဆုံးဟု သတင်းပြေးနေသော မိန်းကလေးဖြစ်သည်။ ဤသည်မှာလည်း ယခုမှမဟုတ်။ ဝါစိုးဖြူမှာ ကုမ္မာရီ ရွယ်မစေ့မီက၊ ငယ်ခလေ့ဂေါရီ။ ဘယ်အတွေ့ လောကီကို၊ ဇောမသိခင်က။ စံပယ်ခက် စုံနှစ်ပင်မှာ၊ မငုံခင်တုန်းကအစ။ ပန်းဒွါရဆင့်စီ၊ မပွင့်မီခါက။ ကျင့်ဝသီစာဂနှင့် ခါပထမအရွယ်တုန်းကပင် အစ်ကိုသားတို့၏ မျက်စိထဲမှာ စွဲငြိခြင်း ခံနေရသော မိန်းမလှလေးဖြစ်သည်။

ယခု အရွယ်ရောက်လာ၍ သူ့အဖော်များနှင့် ရေပက်ခံ ထွက်လာသောအခါ သူဘယ်နေရာ၊ ဘယ်မဏ္ဍပ်ကို ရောက်ရောက် အစ်ကိုကာလသားတို့မှာ တစ်အုပ်တစ်မ ဝိုင်းဝိုင်းလည်နေကြသည်။ မြောက်ဦးမြို့တွင် မြို့စွန်မြို့ဖျားကျ၍ လူမစည်ကားသော အရပ်မဏ္ဍပ်ရှိ အရပ်သားများက သူတို့မဏ္ဍပ် လူမစည်ကားသဖြင့် -

"ဒီအတိုင်းဆို ဝါလှဖြူကိုသာ သွားပင့်ကြတော့"

ဟု ပြောစမှတ်ပြုလာကြသည်။

ဝါစိုးဖြူမှာ မြောက်ဦးမြို့ ၏ ဂုဏ်သရေရှိ တင်းဝါးရှာစား အမတ်ကြီး၏ သမီးဖြစ်သည့်အပြင် ရုပ်ရည် ရူပကာယမှာလည်း သူမတူအောင် လှနေလေရာ ဝါစိုးဖြူ ရောက်သွားသော မဏ္ဍပ်တိုင်းမှာ အစ်ကိုကာလသားတွေက ကြိတ်ကြိတ်တိုးနေကြသည်။ ထိုအထဲတွင် အမတ်ကြီးသား၊ စစ်သူကြီးသား၊ ဓားပိုင်ကြီးသား၊ ဝန်ကြီး၊ ဝန်ကလေး၊ သူဌေးသူကြွယ် သားတွေကလည်း ဝါစိုးဖြူနှင့် နီးစပ်လိုသဖြင့် ရပ်ဝေးရပ်နီးကပင်လာကာ ဝါစိုးဖြူ ဘယ်မဏ္ဍပ်မှာ ရေလောင်းခံမည်၊ ရေပက်ခံမည်ကို သတင်းစုံစမ်း၍ ရောက်လာကြသည်။

ယနေ့ မော်လိပ်ရပ်မဏ္ဍပ်တွင် ဝါစိုးဖြူနှင့် သူ့အဖော် မိန်းကလေးများ

ရေပက်ကစား နေကြရာတွင် ဝါစိုးဖြူနှင့် မျက်နှာချင်းဆိုင် ရေပက်ရမည့် နေရာကိုလုရင်း ကာလသားနှစ်ယောက် စကားများကြသည်။ သူတို့ သဘောမှာ ဝါစိုးဖြူနှင့် မျက်နှာချင်းဆိုင် ရေပက်ရလျှင် ဝါစိုးဖြူအား အပျို၊ လူပျိုတို့၏ သင်္ကေတနှင့် ချစ်ရေးဆိုကြမည်။ မျက်စပစ်ပြ၊ မျက်စိမှိတ်ပြ၊ ပြုံးပြ၊ ရယ်ပြ၍ ချစ်ရေးဆိုရမည်။

ထိုသို့ ပဏာမပဏာမ ချစ်ရေးစထားနိုင်လျှင် ဝါစိုးဖြူကလည်း အလိုတူ တုံ့ပြန်မှု ရထားပါက ချစ်ရေးဆိုရန်မှာ တစ်ဆင့်နီးသွားခြင်းသာ။ ထို့ကြောင့်လည်း ဝါစိုးဖြူနှင့် မျက်နှာချင်းဆိုင် ကျမည့်နေရာကို တိုးဝှေ့လု ကြရင်း စကားများကြသည်။ ထိုကာလသား နှစ်ယောက်မှာလည်း ဝန် မင်းသားနှင့် ရေတပ်ဗိုလ်မှူးကြီးသားတို့ ဖြစ်နေကြရာ မဏ္ဍပ်ကြီးကြပ်ရေး လူကြီးတွေမှာ သူ့ဘက်ကိုယ့်ဘက် အခြားကာလသားများပါ ဝင်ပါလာကြ မည်ကို စိုးရိမ်သဖြင့် ရေလောင်းမဏ္ဍပ်ကို ရပ်ပစ်လိုက်ကြသည်။

ဝါစိုးဖြူ၏ အလှအပေါ်တွင် ကာလသားများ ရစ်ဝဲနေကြသည်ကို နဂိုက ပင် မစ္ဆရိယ ဖြစ်ချင်နေကြသော မောက်တော်သူ အပျိုများက ယခု ရေလောင်းခံမဏ္ဍပ်ကို လူကြီးတွေက အကြောင်းအမျိုးမျိုးပြ၍ ရပ်ပစ်လိုက် ကြသောအခါ ဝါစိုးဖြူပေါ် ပို၍ မကျေမနပ်ဖြစ်ကာ အ,မနာပတွေ ပြောဆို ပြီး ပြန်လာကြသည်။

အမှန်က မောက်တော်သူတွေသာ မဟုတ်ကြ။ နတ်ပေါက်၊ သဇင်ကန်၊ လက်ဆည်ကန် စသည့် အပျိုများသည်လည်း အိမ်ပြန်သူပြန်၊ နောက်မဏ္ဍပ် တစ်ခုသို့ သွားသူသွားနှင့် ကစဥ့်ကလျား ဖြစ်သွားကြသည်သာ။ ထိုသို့ သွားလာကြရာ၌လည်း ဝါစိုးဖြူနှင့် မျက်နှာချင်းဆိုင် ရေလောင်းချင်ကြ သော ဝန်မင်းကြီး၏သားနှင့် ရေတပ်ဗိုလ်မှူးကြီး၏ သားတို့များကြသည့် အကြောင်းကို ပြောဆိုသွားကြရာ ကြားသူတွေကလည်းတစ်ဆင့် -

"ဝန်မင်းကြီးသားနဲ့ ရေတပ်ဗိုလ်မှူးကြီးသားတို့ ဝါစိုးဖြူနဲ့ မျက်နှာချင်းဆိုင် ရေပက်ဖို့ နေရာလုကြလို့ မော်လိပ်ရေလောင်းမဏ္ဍပ် ပိတ်လိုက်ရတယ်တဲ့" ဟု အဆင့်ဆင့် ပြောဆိုနေကြရာ သီရိသုဓမ္မရာဇာ နန်းတော်က ပြန်လာသော ဝါစိုးဖြူအဖေ တင်းဝါးစား အမတ်ကြီးက ကြားသွားလေသည်။

ထို့ကြောင့် တင်းဝါးစား အမတ်ကြီးသည် အိမ်ဝိုင်းထဲ ဝင်လာသည်နှင့် အိမ်ရှေ့မန်ကျီးပင်အောက်တွင် ထင်းခွဲနေသော အိမ်ကျွန် အာနူမာကို –

"မင်းတို့အရှင်မကြီးကော"

ဟု စိတ်ဆိုးမာန်ဆိုးသံနှင့် မေးလိုက်၏။

"အရှင်ကြီး၊ အရှင်မကြီး အိမ်ပေါ်မှာပါ"

ဟု အာနူမာက အရိုအသေပေးကာ ပြောလိုက်၏။

တင်းဝါးစား အမတ်ကြီးသည် လှေခါးထစ်ကို ဆောင့်နင်း၍ အိမ်ပေါ်သို့ တက်လာသည်။ ခင်ပွန်းသည် စိတ်ဆိုးမာန်ဆိုးနှင့် မေးသံ၊ ခြေဆောင့်နင်း၍ အိမ်ပေါ်တက်လာသံ ကြားသဖြင့် အမတ်ကြီးကတော် ဒေါ်ဦးဝါလည်း အိမ်ခန်းထဲက ချက်ချင်းထွက်လာသည်။

အမတ်ကြီးက သူ့ကို စေ့စေ့ကြည့်နေသဖြင့် ဒေါ်ဦးဝါက ဖရိုဖရဲဖြစ်နေသော ဆံပင်ကို ပြင်ထုံးလိုက်သည်။

"ဦးဝါ မင့်သမီးကော"

"ဒီနေ့ သင်္ကြန်အကျနေ့လေ၊ ရေလောင်းမဏ္ဍပ်ကို သွားတယ်"

"ဘယ်သူတွေနဲ့ သွားတာလဲ"

"အစောတို့၊ သူသူတို့ ညီအစ်မတွေနဲ့လေ။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သမီး မိန်းကလေးတွေချည်း သွားကြတာ အထိန်း

အကျောင်း မင်းဘာလို့ လိုက်မသွားလဲ"

ဒေါသမပြေသေးသော တင်းဝါးစား အမတ်ကြီးက သမီးလေးကို အထိန်း အကျောင်း လိုက်မသွားရ ကောင်းလားဟု အပြစ်တင်စကားဆိုသည်။

"မနေ့က နံ့သာသွေးပွဲသွားတာ၊ ရှစ်သောင်းဘုရားက အပြန်မှာ သကြံ့န်လက်ဆေးမိုး မိတော့ အကျွန်လည်း ခေါင်းကိုက်နေလို့ လိုက်မသွား မိဘူး။ နေမကောင်းချင်တာနဲ့ ဒီနေ့ သီလယူတောင် လိုက်မသွားရဘူး"

ဒေါ်ဦးဝါ၏စကားကို ကြားလိုက်ရသောအခါ တင်းဝါးစား အမတ်ကြီးက သက်မ,ချသည်။ နေမကောင်း၍ လိုက်မသွားနိုင်သည်ကို မည်သို့မျှ အပြစ်ဆို၍မရ။ သကြံ့န်အကြိုနေ့ ဖြစ်သော မနေ့က သကြံ့န်လက်ဆေးမိုး ဖြိုးဖြိုးဖြောက်ဖြောက် ရွာသည်ကို သူလည်းအသိ။

သူတို့ မြောက်ဦးသူ မြောက်ဦးသားတို့မှာ ယဉ်ကျေးမှု အစဉ်အလာအရ သကြံ့န်အကြိုနေ့မှာ ဘုရားရေသပ္ပာယ်ကြသည်။ ဘုရားရှင်ကို အမွှေးနံ့သာ များနှင့် ပက်ဖျန်း ပူဇော်ရန် အမျိုးသမီးကြီးငယ်မဟူ နံ့သာသွေးပွဲ ကျင်းပ ကြသည်။ ဤသည်မှာ နှစ်စဉ်နှစ်တိုင်း သူတို့၏ ရိုးရာ ယဉ်ကျေးမှု ကုသိုလ် ပြုပွဲပင်။

ထိုနံ့သာသွေးပွဲနှင့် ရှစ်သောင်းဘုရားက အပြန် မိုးမိလာ၍ ခေါင်းကိုက် သွားသဖြင့် သူ့မှာ သီလယူတောင် လိုက်မသွားနိုင်ဟု ဆိုသောအခါ အမတ် ကြီး၏ဒေါသက နည်းနည်းတော့ ပြေသွား၏။

ထို့ကြောင့် -

"ခု ဘယ့်နှယ်နေသေးလဲ"

ဟုသာ မေးလိုက်ရ၏။

"နည်းနည်းတော့ သက်သာသွားပါပြီ။ သမီးဝါစိုး ဘာဖြစ်လို့လဲ၊ ရှင် ဘာ

ကြားလာလို့လဲ။ အကျွန်ကို မင်းစစ် စစ်နေပါလား"

တင်းဝါးစား အမတ်ကြီးမှာ သူ့သမီးနှင့် ပတ်သက်၍ သူကြားလာခဲ့သည်ကို ချက်ချင်း မပြောသေး။ မင်းမှုထမ်း ရွှေနန်းသုံး အမတ်ကြီးပီပီ ဘာပဲပြောပြော ဥပမာ ဥပမေယျ အကိုးအကား အထောက်အထား ရှေးအစဉ်အလာတွေနှင့် ပြောဆိုဆုံးမတတ်သော အလေ့အထက ပါနေလေရာ သူ့ဇနီးကို တိုက်ရိုက်မပြောသေးဘဲ အဝတ်တန်ဆာတို့ကို လဲချွတ်ရင်း -

"တို့ဘုရင် မင်းထီးအကြောင်းကိုလည်း မင်းကြားဖူးမှာပေါ့"ဟု အစချီလိုက်သည်။

တင်းဝါးစား အမတ်ကြီးကတော် ဒေါ်ဦးဝါမှာလည်း ပန်းဒရုံရွာ သူဌေးသမီးဖြစ်ရာ မင်းထီးအကြောင်းကို ငယ်စဉ်ကပင် ကြားသိထားပြီး ဖြစ်လေသည်။

မင်းထီးဆိုသည်မှာ ရခိုင်ရာဇဝင်၌ အလွန်ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။ သက္ကရာဇ် ၆၄၅ ခုတွင် နန်းတက်သော မင်းထီးမင်းသည် ရတနာသုံးပါး၌ လွန်စွာ ကြည်ညို မြတ်နိုးသည်။ များစွာသော ကောင်းမှုကုသိုလ်တို့ကိုလည်းပြုသည်။ မင်းမျိုးမင်းဆွေ၊ မှူးမတ်၊ ပြည်သူတို့ကိုလည်း များစွာချီးမြှောက် မစတော်မူ၏။

ထိုမင်းထီး၏ ဥပဒေကဲ့သို့ တည်စေသော အမိန့်မှာ -

"သားမကောင်းလျှင် အဖကို စီရင်ရမည်။

မယားမကောင်းလျှင် လင်၊

တပည့်မကောင်းလျှင် ဆရာ၊

ကျွန်မကောင်းလျှင် သခင်၊

သမီးမကောင်းလျှင် အမိကို စီရင်ရမည်"

ယင်းသို့ မင်းအာဏာ (၅)ရပ်ကို ပြဋ္ဌာန်းလျက် ထားတော်မူသည်။

တစ်နေ့သ၌ လောင်းကြက်မြို့နေ သူဌေးဓနဉ္စယ၏ ကျွန်နှစ်ယောက်တို့သည် လက်မဖက်ရွာတွင် နွားတစ်ကောင်ကို ခိုးယူသတ်စားကြလေရာ ထိုသူတို့အား ဖမ်းမိလေလျှင် သူဌေးလည်း မင်းအာဏာကို ကြောက်လန့်သောကြောင့် ငွေအသပြာ တစ်ထောင်နှင့် မင်းထီး၏ ဦးရီးတော် အနန္တဘယထံသွား၍ "ကျွန်ရှင်ခံတော်မူပါ" ဟုလျှောက်ထားပြီး ငွေအသပြာ တစ်ထောင်ကိုပေးသည်။ ဦးရီးတော်လည်း ကျွန်ရှင်ခံမည်ဟုဆိုပြီး အသပြာတစ်ထောင် ကိုယူလေသည်။

နံနက်အခါ မင်းထီးငယ်သည် ဦးရီးတော်၏ ရင်ခွင်ပေါ်၌ ထိုင်တော်မူ၍ မင်းပွဲခံလေရာ ထိုနွားခိုးနှစ်ယောက်ကို ဆက်သပို့လာကြသည်။ ထိုအခါ ဦးရီးတော်၏ ရင်ခွင်ပိုက်မင်းငယ်သာ ရှိသေးသော မင်းထီးက မည်သူ့သား၊ မည်သူ့ကျွန်နည်းဟု မေးတော်မူ၏။

ထိုအခါ သူခိုးတို့က ဦးရီးတော် အနန္တဘယ၏ ကျေးကျွန်ပါဟု လျှောက်ကြသည်။ ထိုအခါ ဦးရီးတော်အား သူခိုးတို့ လျှောက်သည်မှာ မှန်ပါ၏လော၊ ဦးရီးတော်၏ကျွန် အမှန်ဖြစ်ပေ သလောဟု ဦးရီးတော်ကို မေး၏။ ဦးရီးတော်ကလည်း သူ့ကျွန်မှန်ပါသည်ဟု ဝန်ခံသည်။ ထိုသို့ ဦးရီးတော်က ကျွန်ရှင်ခံသောအခါ စစ်တကောင်းမြို့စား ဝိမလအမတ်ကို မေးတော်မူ၏။

"မင်းအာဏာကို ဖျက်သောသူအား ကျမ်းဂန်၌ မည်သို့လာသနည်း။ ဘေးတော်၊ ဘိုးတော် ထီးနန်းမင်းဆက် စီရင်ထုံး စာဟောင်းနှင့် လျှောက်ရမည်" ဟု အမိန့်ရှိလေသော် ပညာရှိအမတ် ဝိမလလျှောက်ထုံးသော်ကား -

"အရှင်မင်းမြတ်၊ မင်းတို့၏ ပြကတေ့ကျေးဇူးတရား ခုနစ်ပါးရှိကြောင်းကို အားကျမ်းဂန်၌ ဤသို့လာပါသည်။

'သာမိ-လိမ္မာတော်ဖြောင့် တရားစောင့်သော ပြည့်ရှင်မင်းလည်း တစ်ပါး၊ သာမှာနုဂေါ-မိမိအရှင်ဖြစ်သော မင်းအလိုတော်သို့ တရားသဖြင့်သာ လိုက်၍ ဆုံးမပေးတတ်သော၊ အမစ္စော-အမတ်ပညာရှိ လည်းကောင်း။ ဇနပဒေါ-ဇနပုဒ် ပြည်ရွာတိုင်းကား၌ ဖြစ်ပွားထွန်းလင်းသော၊ သဇ္ဇနော ပိ- သူတော်ကောင်းဖြစ်သော ပညာရှိလည်းကောင်း။ ဒုဂ္ဂံဒုဂ္ဂဂုဏော ပေတံ-ဖျက်ဆီး ကူးမြောက်ခြင်းငှာ ခဲယဉ်းစွာသော မြို့ရိုးတံတိုင်း၊ ပြအိုး၊ တန်ဆောင်း၊ ကျုံး၊ မြောင်း၊ ရင်တားနှင့် ပြည့်စုံသော မြို့တော်ရှိခြင်းသည် လည်းကောင်း၊ ဒေါသာနုရူပတော - အပြစ်ရှိသောသူအား အပြစ်အားလျော်စွာ၊ ဒဏ္ဍော - မျက်နှာကြီးငယ် မဖယ်မရွေး ဒဏ်ပေးခြင်းသည် လည်းကောင်း။ အက္ခယသမ္ပတ္တိ ကောသော -ပြည်သူတို့၏ အခွန်ကို မလွန်စေရ၊ ဆယ်ဆတစ်ဖို့ ခံယူ၍ မကုန်ခမ်းနိုင်သော ကျီကျဘဏ္ဍာ ဥစ္စာများစွာ ရှိခြင်းသည် လည်းကောင်း။ ဘယသံယုတ္တံမိတ္တံ - ရန်သူရောက်လာသောအခါ ညီညာကူပံ့ဖော်ရသော ပြည်ထောင်ဖက်ချင်း မိတ်ဆွေခင်ပွန်း ရှိခြင်း လည်းကောင်း။ ဣတိ-ဤသို့၊ သတ္တပကတိယော- ခုနစ်ပါးသော မင်းတို့၏ ပြကတေ့ ကျေးဇူးတရားတို့သည်၊ ဟောန္တိ - ရှိကုန်၏။"

ရာဇနီတိ၌ ဤသို့လာကြောင်း အရှင်မင်း"

ဟု ဝိမလအမတ်ကြီးက ကျမ်းဂန်ပြ၍ လျှောက်တင်လေသည်။

ထိုအခါ မင်းထီးက -

"နေလတို့သည် မိမိ၏အရောင်ကို ဖျက်၍မထွန်း၊ သမုဒ္ဒရာတို့မူလည်း ကမ်းသို့ ရေလျှံရိုးမဟုတ်၊ ငါတို့မင်းမျိုး၌လည်း အနီးအဝေး မရွေးလေရာ အာဏာသားနား ထားတော်မူသော စကားကို ဖျက်ရိုးထုံးဟောင်း မလာ။ မင်းတည်ကြည်မှ ပြည်သာမည်။ အနွယ်တော်စောင့်သော မင်းသည်

တရားမဖျက်သင့်။ ငါလည်း သိတော်မူသည်ပင်"

ဟု အမိန့်တော်ရှိ၍ -

"ဦးရီးတော် အနန္တဘယကို သူသတ်တို့လက်ကိုအပ်စေ"

ဟု အမိန့်ချတော်မူလေသည်။

ထိုမင်းထီး သက်တော်(၁၅)နှစ်သို့ ရောက်သောအခါ လွန်လေသော ဦးရီးတော်သမီး မြတ်ရွှေညာကို တောင်ညာနန်းတော်မူ၍ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့နည်းတူ ဘိသေကကို ခံယူတော်မူသည်။

ထိုမင်းလက်ထက်တွင် နန်းတွင်းသူ နန်းတွင်းသားတို့သည် ကွမ်းစားရာ၌ အလွယ်တကူ နန်းတိုင်ကို ထုံးသုတ်မိကြရာ နန်းတိုင်တိုင်းမှာလိုလို ထုံးသုတ်ရာတွေချည်း ဖြစ်နေသဖြင့် မင်းထီးက နန်းတိုင်၌ ထုံးသုတ်သူအား ထုံးသုတ်သောလက်ကို ဖြတ်ပစ်မည်ဟု အမိန့်တော် ချမှတ်လေသည်။

တစ်နေ့၌မူ မင်းထီးကိုယ်တိုင်ပင် မေ့လျော့ပြီး ကွမ်းစားရာ၌ အမှတ်မထင် နန်းတိုင်၌ ထုံးသုတ်မိသွားသည်။ မင်းထီးမှာ အစိမ်းအကျက်မရွေး သူ့အမိန့်ကို ဖီဆန်လျှင် ဦးရီးတော် အရင်းကိုပင် သူသတ်တို့လက်သို့ အပ်လိုက်သော အစဉ်အလာရှိထားရာ မှူးမတ်များမှာ ထုံးသုတ်သွားသူကို တိတိကျကျ မဖော်ပေးနိုင်လျှင် သူတို့အပြစ်ရမည်စိုး၍ ကြပ်ကြပ်မတ်မတ် စောင့်ကြည့်နေကြရာ မင်းထီးကိုယ်တိုင် ထုံးသုတ်သွားသည်ကို အချိန်၊ နေ့ရက်နှင့်တကွ မှတ်သားထားကြရသည်။

နောက်တစ်နေ့၌ မင်းထီးထွက်တော်မူလာ၍ နန်းတိုင်၌ ထုံးသုတ်ရာကို မြင်သွားရာ -

"ဤနန်းတိုင်တွင် မည်သူ ထုံးသုတ်သွားသနည်း" ဟု မေးတော်၏။

ထိုအခါ မှူးမတ်များက -

"ဘယ်နေ့ ဘယ်ရက်၊ ဘယ်အချိန်က အရှင်မင်းကိုယ်တိုင် လက်ညှိုးနှင့် ထိုးသုတ်သွားပါ ကြောင်း"

လျှောက်ထားကြသည်။ ထိုအခါ မင်းထီးသည် ချက်ချင်းပင် နန်းတိုင်၌ မိမိ၏ လက်ညှိုးကို တင်ကာ သန်လျက်နှင့် ခုတ်ဖြတ်လိုက်လေသည်။

မင်းထီးကား မိမိထုတ်ပြန်ထားသော အမိန့်ကို ဤမျှအထိ လိုက်နာကျင့်သုံးသော မင်းတစ်ပါး ဖြစ်လေသည်။

ဤသည်ကိုသိထားသော အမတ်ကြီးကတော် ဒေါ်ဦးဝါက -

"ဩော် ... လက်စသတ်တော့ အမတ်မင်းက အကျွန့်ကို အပြစ်ပေးဖို့ မင်းထီးအကြောင်း ပြောနေတာကိုး။ ကဲ - သမီးမကောင်းလျှင် အမိကိုစီရင်ရအောင် အကျွန့်သမီးက ဘာမကောင်းမှု လုပ်နေလို့တုံး"

အမတ်ကတော်ဒေါ်ဦးဝါ ပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။

ဝါစိုးဖြူ ခေါ် ဝါလှဖြူမှာ ဣန္ဒြေမရှိဘဲ မနေတတ်မထိုင်တတ် ပြုမူကျင့်ကြံနေသော မိန်းမပေါ့ မိန်းကလေးလည်း မဟုတ်။ ဣန္ဒြေကြီးလွန်း၍ အချို့က မာနကြီးသူဟုပင် သမုတ်ခံရသည်။ ဘယ်နေရာသွားသွား၊ ဘယ်အရပ်သို့ ရောက်ရောက် ကာလသားများက ဝိုင်းဝိုင်းလည်နေသော်လည်း မည်သူတစ်ဦး တစ်ယာက်ကိုမျှပင် သူကစတင်၍ နှုတ်ဆက်သူမဟုတ်။ ကာလသားတွေမည်မျှ ဝိုင်းဝိုင်းလည်နေ ပါသော်လည်း ဝါစိုးဖြူကား သူ့အလှ၊ သူ့မာန၊ သူ့ဘဝနှင့် သာမညောင်ည ကာလသားများကို ယောင်၍မျှပင် စိတ်ကူးထဲ ထည့်သူမဟုတ်။ တင်းဝါးစားအမတ်ကြီး သမီးသည် အမတ်ကြီးသားများကိုပင် မှန်းသူမဟုတ်။ အနည်းဆုံးရေတပ်၊ ကြည်းတပ်၊ အမတ်အိမ်တော်ဝန်၊ နန်းတွင်းနန်းပြင် အမိန့်တော်ရ ပုဂ္ဂိုလ်တစ်ယောက်ယောက်ထဲက အဆင့်ကိုသာ မှန်းသူဖြစ်လေသည်။ ထို့ကြောင့်လည်း ဓားပိုင်ကြီး၊ စစ်သူကြီး၊ အမတ်ကြီး၊ ဝန်ကလေး၊ ဝန်မင်းကြီးသား

ဆိုသူများကိုပင် ဝါလှဖြူက ကြိုတင်နှုတ်ဆက်တတ်သူမဟုတ်။ တည်တည်တံ့တံ့ပင် နေသည်။

ဤသို့ ဣန္ဒြေသိက္ခာရှိစွာ နေပါလျက်နှင့် ယနေ့ ဖခင်ဖြစ်သူက မင်းထီး၏ ဥပဒေသနှင့် "သမီးမကောင်းလျှင် အမိကိုစီရင်ရမည်" ဟူသောသဘောကို ပြောလာသောအခါ သူဌေးသမီး အမတ်ကြီးကတော်မှာ ဆတ်ဆတ်ထိ မခံနိုင် ဖြစ်သွားသည်။

"ကဲ - အမတ်ကြီးက သမီးမကောင်းလို့ အကျွန့်ကိုစီရင်ရအောင် အကျွန့် သမီး ဝါစိုးက ဘာမကောင်းမှုများ ကျူးလွန်နေလို့လဲ။ ရှင်မြို့ထဲက ဘာများ ကြားခဲ့လို့ အကျွန့်ကို စီရင်ရမယ်လို့ မိန့်ကြားတာလဲ၊ ပြောလေ"

ဟု ဒေါနှင့်မောနှင့် ထပ်မေးလာသောအခါ တင်းဝါးစား အမတ်ကြီးမှာ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ယနေ့ သူကြားခဲ့ရသော သတင်းစကားကိုလည်း ခြေခြေမြစ်မြစ် မသိရသေးသဖြင့် ဇနီးသည်ကို ပြေရာပြေကြောင်း စကားနှင့်သာ လျှောချ ပြောရတော့သည်။

"ဘာရယ်ညာရယ် ကြားခဲ့ရလို့ရယ် မဟုတ်ပါဘူး ရှင်မရယ်။ မင်းမွေးထားတဲ့ သမီးလေးကလည်း ရွှေရည်ပန်းခက်ကလေး၊ ခု အရွယ်ရောက်လာလေ လှလာလေဆိုတော့ မတော်တရော် ကာလသား တစ်ယောက်ယောက်နဲ့ ဖြစ်မှာစိုးလို့ ငါကသမီး မိန်းကလေးရဲ့ အရိပ်အခြည်ကို အမြဲကြည့်ရှုထိန်းသိမ်းနိုင်မှာက မိခင်ပဲ ဖြစ်လေတော့ ထိန်းကျောင်း ကြည့်ရှုနိုင်အောင် လို့ ကြိုတင်ပြောရတာပါ"

"အကျွန့်သမီး လှတာကတော့ တစ်မြို့လုံး အသိပါတော်။ အဲဒါကြောင့် လည်း ဘယ်နေရာသွားသွား ကာလသားတွေက အတင်း လာနှုတ်ဆက်ကြ၊ အလှူမင်္ဂလာပွဲဆိုလည်း နေရာပေးကြနဲ့ ဒီကြားထဲ ချွေးမတော်ချင်တဲ့ သူတွေကလည်း မရှားဘူး။ အတင်း စကားရောဖောရော လာလုပ်ကြတာ အ

ကျွန်ုမှာ အနေအထိုင်တောင် ကျုံ့ရတယ်"

"ရှင်မပြောတာ ဟုတ်ပါတယ်။ ဒီနေ့လည်း သမီးနဲ့ မျက်နှာချင်းဆိုင် ရေပက်ချင်တဲ့ ကာလသားတွေက နေရာလုကြလို့ မော်လိပ်မဏ္ဍပ်မှာ ရေလောင်းပွဲ ရပ်ပစ်လိုက်သလို ကြားခဲ့ရတယ်။ အဲဒါကြောင့် သမီး မိန်းကလေးကို အမေဖြစ်သူက ထိန်းကျောင်းလိုက်ပါဖို့ လိုလိမ့်မယ်လို့ စောစောက ငါ သတိပေးတာပါ"

တင်းဝါးစား အမတ်ကြီးမှာ ယခု သူ့ဇနီးအမျက်ပြေမှ သူကြားခဲ့ရသည့် သတင်းစကားကို ပြောရတော့သည်။

ခင်ပွန်းသည်ဆီက ဤစကားကြားရသောအခါ ဝါစိုးဖြူ၏အမေ ဒေါ်ဦးဝါ မှာ စိတ်ထဲကကျိတ်၍ ဝမ်းသာသွားမိသည်။ သင်္ကြန်မဏ္ဍပ် လူစည်ရာမှာ ဤသို့ဖြစ်ကြလျှင် သူ့သမီး၏ အလှသတင်း ပို၍ ကျော်ကြားလေ၊ မိဘလုပ် သူတွေမှာ ဂုဏ်တက်လေပင်။ ဤသို့ သမီးအလှသတင်း ကျော်ကြားပါမှ လည်း မင်းစိုးရာဇာ နားပေါက်၍ သမီးလေးလည်း ထိုက်ထိုက်တန်တန် ခင်ပွန်းကောင်းကို ရနိုင်သည် မဟုတ်ပါလား။

နောက်သင်္ကြန်ရက်များ၌မူ သူ့သမီး၏ အရိပ်အခြည်ကိုကြည့်ကာ သူ ကိုယ်တိုင်ပင် ရေလောင်းမဏ္ဍပ်တိုင်းကို လိုက်ပါစောင့်ရှောက်ရသည်။ မိခင်ဖြစ်သူ အမတ်ကြီးကတော်ကိုယ်တိုင် မဏ္ဍပ်ထဲ ဝင်ထိုင်နေ၍လားမ သိ။ ဘယ်အစ်ကို ကာလသားများကမျှ ဝါစိုးဖြူနှင့် မျက်နှာချင်းဆိုင် ရေပက်ရအောင် နေရာမလုရဲကြတော့။ ရေလောင်းမဏ္ဍပ် တာဝန်ခံများက ချထားပေးသော နေရာများကသာ ရေပက်ကြရတော့သည်။

သို့သော် သူ့သမီး၏မျက်နှာဆီသာ အကြည့်ရောက်ပြီး သူတို့ရှေ့က မိန်းကလေးများဆီ ရေပက်ကြရာမှ နောက်တော့ ဝါစိုးဖြူဆီချည်းသာ သူ တို့ဖလားထဲကရေများ ရောက်လာသည် ကိုတော့ ဒေါ်ဦးဝါ သတိပြုမိလေ

သည်။ ဤသည်မှာလည်း အမတ်ကြီးကတော် ဒေါ်ဦးဝါအတွက် ဂုဏ်ယူစရာ ဖြစ်နေသဖြင့် တပြုံးပြုံးနှင့် ရေပက်ခံမဏ္ဍပ်တိုင်းသို့ သူ့သမီးနောက်က လိုက်နေရသည်ကိုပင် ဒေါ်ဦးဝါမှာ ဂုဏ်ယူလျက်ပင်။

***